# စားနပ်ရိက္ခာဖူလုံမှုနှင့် ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးဆိုင်ရာ အခြေအနေများနှင့်စပ်လျဉ်း၍ အသေးစားငါးဖမ်းလုပ်ငန်းများကို ရေရှည်ခိုင်မာလုံခြုံမှုရှိစေရန်အတွက် လိုက်နာလုပ်ဆောင်သင့်သည့်လမ်းညွှန်ချက်များ

ကန့်သတ်ထုတ်ဝေခြင်း

ကမ္ဘာအရပ်ရပ်ရှိ ငါးဖမ်းလုပ်သားများ၏ ဘဝများ ပိုမိုတိုးတက်ကောင်းမွန်လာစေရန်အတွက်
မမောမပန်းနိုင် လုပ်ဆောင်ခဲ့သော ချန်ဒရီကာ ရှားမားနှင့် ဤလမ်းညွှန်ချက်များကို ပြုစုဖန်တီးရာတွင်
တန်ဖိုးမဖြတ်နိုင်အောင်ပါဝင်ကူညီခဲ့ကြသူများကို ဂုဏ်ပြုလျက်။

# ပါဝင်သည့်အကြောင်းအရာများ

အကျဉ်းချုပ်စာစုများနှင့် အတိုကောက်စာလုံးများ

နိဒါန်း

အပိုင်း (၁) မိတ်ဆက်

၁. ရည်ရွယ်ချက်များ

၂. သဘောသဘာဝနှင့် နယ်ပယ်အတိုင်းအတာ

၃. အခြေခံသဘောတရားလမ်းညွှန်ချက်များ

၄. အခြားနိုင်ငံတကာပြဋ္ဌာန်းသတ်မှတ်လုပ်ဆောင်ချက်များနှင့် နီးနှောဆက်နွယ်မှု

အပိုင်း (၂) ငါးလုပ်ငန်းဆိုင်ရာ တာဝန်ရှိသည့် အချက်များနှင့် ခိုင်မာသည့်ရေရှည်ဖွံ့ဖြိုးတိုးတက်မှု

၅. အသေးစားငါးဖမ်းလုပ်ငန်းများနှင့် အရင်းအမြစ်စီမံခန့်ခွဲမှုများဆိုင်ရာလုပ်ပိုင်ခွင့်များ အုပ်ချုပ်မှု

၅. က လုပ်ပိုင်ခွင့်များစီမံအုပ်ချုပ်ရေးအတွက် တာဝန်ရှိသည့်အချက်များ
၅. ခ ရေရှည်တည်တံ့ခိုင်မြဲမည့် အရင်းအမြစ်စီမံခန့်ခွဲမှု

၆. လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၊ အလုပ်ခန့်အပ်ခြင်းနှင့် သင့်လျော်မျှတသည့် အလုပ်တာဝန်
၇.တန်ဖိုးချင်းချိတ်ဆက်လည်ပတ်မှုများ၊ လုပ်ငန်းပြီးနောက်ပိုင်း အခြေအနေများနှင့် ကုန်သွယ်မှု

၈. ကျား/မ တန်းတူညီမျှမှုရှိရေး

၉. ဘေးအန္တရာယ်ဆိုင်ရာထိခိုက်မှုများနှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်း

အပိုင်း (၃) တိုးတက်လုပ်ဆောင်လာနိုင်သည့် ပတ်ဝန်းကျင်ဖြစ်စေရန်နှင့် အကောင်အထည်ဖော် လုပ်ဆောင်မှုကို ထောက်ပံ့ကူညီခြင်း

၁၀. မူဝါဒဆိုင်ရာ ရှင်းလင်းညီညွတ်မှု၊ အဖွဲ့အစည်းဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှုနှင့် ပူးပေါင်း ဆောင်ရွက်မှု

၁၁. သတင်းအချက်အလက်၊ သုတေသနနှင့် ဆက်သွယ်ရေး

၁၂. စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်ရေး

၁၃. အကောင်အထည်ဖော်မှုဆိုင်ရာ ထောက်ပံ့ကူညီမှုနှင့် စောင့်ကြည့်လေ့လာခြင်း

## အကျဉ်းချုပ်စာစုများနှင့် အတိုကောက်စာလုံးများ

CCA climate change adaptation

(ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုနှင့်အညီ လိုက်လျောညီထွေရှိစေရန်လုပ်ဆောင်မှု)

CEDAW Convention on the Elimination of All Forms of Discrimination against Women

( အမျိုးသမီးများအပေါ်တွင် ခွဲခြားဆက်ဆံသည့် ပုံစံအားလုံးကို ရှင်းလင်းရပ်စဲရေး သဘော တူညီချက်)

CSO civil society organization

(အရပ်ဖက်လူမှုအဖွဲ့အစည်း)

DRM disaster risk management

(ဘေးအန္တရာယ်ဆိုင်ရာထိခိုက်မှု စီမံခန့်ခွဲရေး)

EAF ecosystem approach to fisheries

(ငါးလုပ်ငန်းကို သက်ရှိ/ပတ်ဝန်းကျင်အပြန်အလှန်ချိတ်ဆက်မှုဂေဟစနစ်ဖြင့်ချဉ်းကပ်ခြင်း)

HIV/AIDS human immunodeficiency virus/ acquired immunodeficiency syndrome

(ခုခံအားကျဆင်းမှုရောဂါပိုး/ ခုခံအားကျဆင်းမှုရောဂါ)

ICESCR International Covenant on Economic, Social and Cultural Rights

(စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများအတွက် နိုင်ငံတကာပဋိညာဉ်စာချုပ်)

IGO intergovernmental organization

(အစိုးရဌာနတွင်းမှ ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်း)

ILO International Labour Organization

(အပြည်ပြည်ဆိုင်ရာလုပ်သားရေးရာအဖွဲ့အစည်း)

IMO International Maritime Organization

(အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေကြောင်းဆိုင်ရာအဖွဲ့အစည်း)

IUU(fishing) illegal, unreported and unregulated (fishing)

(တရားမဝင်၊ သတင်းမပို့သော၊ စည်းကမ်းနှင့်အညီမဟုတ်သော (ငါးလုပ်ငန်း) )

MCS monitoring, control and surveillance

(စောင့်ကြည့်လေ့လာခြင်း၊ ထိန်းချုပ်ခြင်းနှင့် စောင့်ကြည့်ခြင်း)

NGO non-governmental organization

(အစိုးရမဟုတ်သည့် အဖွဲ့အစည်း)

Rio+20 United Nations Conference on Sustainable Development (Rio+20)

(ဖွံ့ဖြိုးတိုးတက်မှုရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများညီလာခံ)

The Code Code of Conduct for Responsible Fisheries (FAO)

(ငါးလုပ်ငန်းဆိုင်ရာတာဝန်များအတွက် ကျင့်သုံးလိုက်နာရမည့် လုပ်ငန်းပိုင်းဆိုင်ရာ စံသတ်မှတ်ချက်များ)

UN United Nations

(ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ)

UN DRIP United Nations Declaration on the Rights of Indigenous Peoples

(ကုလသမဂ္ဂ၏ တိုင်းရင်းသားလူမျိုးများ အခွင့်အရေးအပေါ်ကြေငြာချက်)

UNFCCC United Nations Framework Convention on Climate Change

(ကုလသမဂ္ဂ၏ ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းအပေါ်တွင် သတ်မှတ်ချက်မူဘောင် ပဋိညာဉ်စာတမ်း)

WTO World Trade Organization

(ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့)

# နိဒါန်း

ဤ "*စားနပ်ရိက္ခာဖူလုံမှုနှင့် ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးဆိုင်ရာ အခြေအနေများနှင့် စပ်လျဉ်း၍ အသေးစားငါးဖမ်းလုပ်ငန်းများ ရေရှည်ခိုင်မာလုံခြုံမှု ရှိစေရန်အတွက် လိုက်နာလုပ်ဆောင်သင့်သည့် လမ်းညွှန်ချက်များ*" ကို ၁၉၉၅ခုနှစ်တွင် ပြဋ္ဌာန်းသည့် FAO ၏ တာဝန်ရှိမှုအသိစိတ်ဖြင့် ဆောင်ရွက်ရမည့် ငါးလုပ်ငန်းကျင့်ဝတ်များ (the code) အား ဖြည့်စွက်ချက်အနေဖြင့် ရေးဆွဲခဲ့ခြင်းဖြစ်သည်။ ဤလမ်းညွှန်ချက်များသည် အသေးစားငါးလုပ်ငန်းများကို ဦးတည်၍ တာဝန်ရှိမှုအသိစိတ်ဖြင့် ဆောင်ရွက်ရမည့် ငါးလုပ်ငန်းကျင့်စဉ်များ (the code)၏ အလုံးစုံသော အခြေခံမူများနှင့် သတ်မှတ်ပြဋ္ဌာန်းချက်များကို ထောက်ကူပေးရန် ဖော်ထုတ်ခဲ့ခြင်း ဖြစ်ပါသည်။ ၎င်းအပြင် ကျန်လမ်းညွှန်ချက်များသည် အသေးစား ငါးလုပ်ငန်း၏ အရေးပါမှု၊ မြင်သာမှုနှင့် အသိအမှတ်ပြုမှုများ တိုးတက်စေရန်နှင့် ကမ္ဘာလုံးဆိုင်ရာနှင့် နိုင်ငံအလိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော ဝတ်မွတ်မှုနှင့် ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေး ကြိုးပမ်းမှုများ အတွက် တစ်ထောင့်တစ်ကဏ္ဍမှ ပံ့ပိုးနိုင်ရန် ရည်ရွယ်ခြင်း ဖြစ်ပါသည်။ ဤလမ်းညွှန်ချက်သည် အသေးစားငါးလုပ်ငန်းများ၊ ရေလုပ်သားများ၊ ဆက်စပ်လုပ်ငန်းများ၊ ထိခိုက်လွယ်သူများနှင့် အင်အားမဲ့လူတန်းစားများ၏ ယခုလက်ရှိနှင့် နောင်အနာဂတ် မျိုးဆက်များအတွက် လူမှုစီးပွား စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တာဝန်ရှိမှုအသိစိတ်ဖြင့် ဆောင်ရွက်ရမည့် ငါးလုပ်ငန်းများကို ထောက်ကူပေးနိုင်ရန်အတွက် လူ့အခွင့်အရေး အခြေခံသော ချဉ်းကပ်မှုပုံစံဖြင့် လုပ်ဆောင်သွားရန် ဖြစ်သည်။

ဤလမ်းညွှန်ချက်များသည် အထူးသဖြင့် သဘောဆန္ဒအလျောက် လိုက်နာလုပ်ဆောင်ရန်၊ ကမ္ဘာနှင့်ချီ၍ ရှုမြင်လုပ်ဆောင်ရန်၊ ဖွံ့ဖြိုးဆဲတိုင်းပြည်များအတွက် အဓိက စူးစိုက်လုပ်ဆောင်သွားရန် ဖြစ်သည်။

အမျိုးသားနှင့် အမျိုးသမီးများ ဝင်ရောက်လုပ်ကိုင်နေသော ငါးလုပ်ငန်း တန်ဖိုးမြှင့် ကွင်းဆက်တစ်လျှောက်လုံးရှိ ငါးမဖမ်းဆီးမီ၊ ငါးဖမ်းဆီးစဉ်နှင့် ငါးဖမ်းချိန်လွန် လုပ်ငန်းများ ပါဝင်သော အသေးစားနှင့် ကိရိယာမဲ့ ငါးဖမ်းလုပ်ငန်းများ စားနပ်ရိက္ခာလုံခြုံရေး၊ အဟာရ ပြည့်ဝရေး၊ ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေး၊ သာတူညီမျှ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အရင်းအမြစ်များ[1]ကို ရေရှည် ထိန်းသိမ်း အသုံးပြုနိုင်ရေးတို့အတွက် အရေးပါသောကဏ္ဍတွင် ရပ်တည်လျက်ရှိသည်။ အသေးစား ငါးဖမ်းလုပ်ငန်းများသည် ဒေသတွင်း၊ နိုင်ငံအဆင့်နှင့် နိုင်ငံတကာဈေးကွက်များ အတွက် အာဟာရပြည့်ဝသော အစားအစာများကို ထုတ်လုပ်ပေးနိုင်ပြီး ပြည်တွင်းနှင့် နိုင်ငံတော်အတွက် ဝင်ငွေတိုးစေရန် အထောက်အကူပြုပါသည်။

---

[1] ဤစာတမ်းတွင် ပါဝင်သည့် "ငါးလုပ်ငန်းအရင်းအမြစ်" ဟူသည်မှာ ရေနေသတ္တဝါအရင်းအမြစ် အားလုံးကိုဆိုလိုသည်။ ဖမ်းဆီးအသုံးပြုမည့် (ပင်လယ်ရေနေနှင့် ရေချိုနှစ်မျိုးလုံး) ဖြစ်သည်။

ကမ္ဘာတဝှမ်းလုံးငါးဖမ်းဆီးမှု၏ တဝက်ခန့်မှာ အသေးစားငါးဖမ်းလုပ်ငန်းများမှ ဖြစ်သည်။ ဖမ်းဆီးရမိသမျှ၏ သုံးပုံနှစ်ပုံကို လူသားတို့ တိုက်ရိုက်စားသုံးကြောင်း တွေ့ရသည်။ ကုန်းတွင်း ငါးဖမ်းလုပ်ငန်းများမှ ရရှိသော ငါးများကို လူသားများ တိုက်ရိုက်စားသုံးကြသည်။ အသေးစားငါးလုပ်ငန်းမှ ငါးလုပ်ငန်းတွင် လုပ်ကိုင်သော စုစုပေါင်းလုပ်အား၏ ၉၀%ကျော်ကို အလုပ်ပေးထားသည်။ လုပ်သားများ၏ ထက်ဝက်ခန့်သည် အမျိုးသမီးများ ဖြစ်ပါသည်။ အသေးစားငါးဖမ်းလုပ်ငန်းသည် လူသန်းပေါင်းများစွာ၏ အချိန်ပိုင်း သို့မဟုတ် အချိန်ပြည့်၊ ရာသီ အလိုက် သို့မဟုတ် ရံဖန်ရံခါ အရေးပါသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် ရပ်တည်လျှက် ရှိသည်။ ဤလုပ်ငန်းသည် ပုံမှန် နေ့တဓူဝ အလုပ်အကိုင် အဖြစ်သော်လည်းကောင်း၊ အသက်မွေးဝမ်းကျောင်းပြုရန် ခက်ခဲသည့် အချိန်များတွင် အားကိုးမှီခိုရာ အလုပ်အဖြစ်သော်လည်းကောင်း အရေးပါစွာ ရပ်တည်လျှက် ရှိသည်။ အများစုသော ငါးဖမ်းသမားများနှင့် ငါးဖမ်းလုပ်သားများသည် ကိုယ်ပိုင်ငါးဖမ်းလုပ်ငန်းကို လုပ်ကိုင်ကြပြီး ၎င်းတို့ အိမ်ထောင်စုများနှင့် ရပ်ရွာအတွက် စားနပ်ရိက္ခာ ရရှိရန် (သို့မဟုတ်) စီးပွားဖြစ် ဖမ်းယူခြင်း၊ ရေထွက်ပစ္စည်းများကို ပြုပြင်ထုပ်ပိုးပြင်ဆင်ခြင်းနှင့် ဈေးကွက်တင် ရောင်းချခြင်းများ လုပ်ဆောင်ကြသည်။ ငါးဖမ်းလုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းများသည် ရံဖန်ရံခါ ကမ်းရိုးတန်း ဒေသများ၊ ကန်ဘေးနှင့် ရေကမ်းပါးဒေသများရှိ လူထု၏ ဒေသတွင်းစီးပွားရေးကို အထောက်အပံ့ ဖြစ်စေပြီး အခြားသော ကဏ္ဍများကိုပါ အကျိုးသက်ရောက်မှု အမျိုးမျိုး ဖြစ်စေသည်။

အသေးစားငါးဖမ်းလုပ်ငန်းများသည် မတူကွဲပြားပြီး အင်အားကောင်းသော လုပ်ငန်းတစ်ခုအဖြစ် ရပ်တည်လျှက် ရာသီအလိုက် အခြေချပြောင်းရွှေ့လုပ်ကိုင်သော သဘောရှိသည်။ ၎င်းတို့၏ ဂုဏ်သတ္တိများမှာ နေရာဒေသကိုလိုက်၍သော်လည်းကောင်း၊ သက်ဆိုင်ရာ လူမျိုးစုဖွဲ့မှု အရသော်လည်းကောင်း၊ ငါးသယံဇာတနှင့် သမိုင်းအစဉ်အဆက် ချိတ်ဆက်မှုကြောင့်လည်းကောင်း၊ ဓလေ့ထုံးစံအယူအဆနှင့် တန်ဖိုးထားစံနှုန်းများ အားဖြင့်သော်လည်းကောင်း၊ စည်းလုံးညီညွတ်မှုကို အခြေခံ၍သော်လည်းကောင်း ကွဲပြားခြားနားလေ့ရှိသည်။ အသေးစား ငါးဖမ်းသမားများနှင့် ငါးဖမ်း လုပ်သားများအတွက် ငါးဖမ်းလုပ်ငန်းမှာ ဘဝ၏ အစိတ်အပိုင်းတစ်ခု ဖြစ်ရုံသာမက ကျယ်ပြောသော ဓလေ့စရိုက်များပါဝင်ခြင်းကြောင့် တစ်ကမ္ဘာလုံးအတွက် အထင်ကရ လုပ်ငန်းများဖြစ်သည်။ အသေးစား ငါးဖမ်းသမားများနှင့် ငါးဖမ်းလုပ်သားများ (ထိခိုက်လွယ်သူများ၊ ခွဲခြားဆက်ဆံ ခံရသူများ အပါအဝင်) သည် ရေသယံဇာတနှင့် မြေအပေါ် တိုက်ရိုက်မှီခိုလျှက် ရှိသည်။ ကမ်းရိုးတန်းနှင့် ရေတိမ် ကမ်းပါးနေရာရှိ မြေကို ပိုင်ဆိုင်ခွင့်နှင့် အသုံးချခွင့် ရရှိရေးမှာ ငါးဖမ်းခြင်း၊ ပြုပြင်ထုပ်ပိုးခြင်းနှင့် ဈေးကွက်တင်ရောင်းချခြင်း၊ အခြေတကျ နေထိုင်ခြင်းနှင့် အသက်မွေးဝမ်းကြောင်း လုပ်ငန်းများ အတွက် အထူးအရေးပါလှသည်။ ကျန်းမာသော ဂေဟစနစ်နှင့် ဇီဝမျိုးစုံ၊ မျိုးကွဲ ပေါကြွယ်ဝမှုများမှာ အသက်မွေးဝမ်းကြောင်းလုပ်ငန်းနှင့် ဘဝရှင်သန်ရပ်တည်မှုတို့အတွက် အခြေခံ လိုအပ်ချက်များ ဖြစ်သည်။

စားနပ်ရိက္ခာ လုံခြုံရေးနှင့် အဟာရ ပြည့်ဝရေး၊ ဆင်းရဲမှု တိုက်ဖျက်ရေး၊ သာတူညီမျှ ဖွံ့ဖြိုးရေးနှင့် အရင်းအမြစ်များကို ရေရှည်တည်တံ့အောင် သုံးစွဲရေးတွင် ၎င်းတို့၏ အခန်းကဏ္ဍမှာ အလွန်အင်မတန်

အရေးပါလျှက် ရှိသော်လည်း ၎င်းတို့အပေါ် ခွဲခြားဆက်ဆံမှုများမှာ ဆက်လက် သက်ဆိုးရှည်နေဦးမည် ဖြစ်သည်။

အသေးစားငါးဖမ်းလုပ်ငန်းများ ဘေးကင်းလုံခြုံရေးနှင့် ၎င်းတို့ပါဝင်လုပ်ဆောင်မှု တိုးတက်ရေးများမှာ အခက်အခဲ အဟန့်အတားများဖြင့် ရင်ဆိုင်နေရပါသည်။ လွန်ခဲ့သည့် နှစ်သုံးလေးဆယ်အတွင်း ကမ္ဘာ့နေရာအတော်များများတွင် ဖြစ်ပေါ်ခဲ့သည့် ငါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုများသည် ငါးအလွန်အကျွံဖမ်းဆီးမှုနဲ့ ငါးများနေထိုင်ရာ ဂေဟစနစ်ကို ပျက်ဆီးရန် ဦးတည်ခဲ့ကြောင်း အထောက်အထားများအရ တွေ့ရပါသည်။

ဇဟိုချုပ်ကိုင်စနစ်၊ နည်းပညာလျှင်မြန်စွာ ပြန့်ပွားမှု၊ လူဦးရေ တိုးပွားမှုနှင့် ပြည်သူများပူးပေါင်းပါဝင်ခွင့်ကန့်သတ်မှုများကြောင့် ဘိုးစဉ်ဘောင်ဆက် တည်မြဲခဲ့သည့် မိရိုးဖလာ သယံဇာတနှင့် အကျိုးအမြတ်ခွဲဝေသည့် နည်းလမ်းများကို ကျင့်သုံးလေ့ရှိသော အသေးစားငါးလုပ်ငန်းများသည် ရပ်တည်ရန် ခက်ခဲ လာခဲ့ပါသည်။ အသေးစား ငါးဖမ်းလုပ်ငန်းများသည် အင်အားမမျှသော ပြိုင်ဆိုင်မှုမျိုးဖြင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ အခြားငါးဖမ်းလုပ်ငန်းကြီးများနှင့် မတန်တဆ ယှဉ်ပြိုင်နေရသကဲ့သို့ ငါးလုပ်ငန်းမဟုတ်သော ကဏ္ဍများနှင့်လည်း ယှဉ်ပြိုင်နေရပြီး ၎င်းကဏ္ဍများ၏ အနိုင်ယူလွှမ်းမိုးမှုကိုလည်း အမြဲတမ်းသဖွယ် ခံရလေ့ရှိပါသည်။ ခရီးသွားလာရေးလုပ်ငန်း၊ ရေနေသတ္တဝါများ မွေးမြူရေးလုပ်ငန်း၊ စွမ်းအင်၊ သတ္တုတူးဖော်ရေး၊ စက်မှု လက်မှုနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စသည့်ကဏ္ဍများသည် နိုင်ငံရေး သို့မဟုတ် စီးပွားရေးအရ အမြဲတမ်းသဖွယ် ပိုမိုလွှမ်းမိုးနိုင်သည်။

အသေးစားငါးဖမ်းလုပ်ငန်း အသိုက်အဝန်းများတွင် ဆင်းရဲနွမ်းပါးမှုများ တည်ရှိနေခြင်းမှာ ဝင်ငွေနည်းပါးခြင်းသာမက အခြား သဘောသဘာဝမျိုးစုံ ရောယှက်လျှက်ရှိပြီး နိုင်ငံသားအခွင့်အရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဓလေ့ ထုံးတမ်းဆိုင်ရာ ပြည့်ဝစွာ မခံစားရခြင်းကြောင့် ဖြစ်သည်။

အသေးစားငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူများသည် လမ်းပမ်းဆက်သွယ်ရေး ခက်ခဲသည့် အရပ်ဒေသများတွင် နေထိုင်လေ့ရှိပြီး ကျန်းမာရေး၊ ပညာရေးနှင့် အခြားအခြေခံ လိုအပ်ချက်များ အနေဖြင့်လည်း နိမ့်ကျလေ့ ရှိပါသည်။ အခြား ဂိုသေသများအနေဖြင့် ပညာရေး နိမ့်ပါးခြင်း၊ မကျန်းမာခြင်း (ပျမ်းမျှထက်ပိုသော HIV, AIDS ရောဂါ ကူးစက်ခံရမှု) နှင့် အဖွဲ့အစည်းဆိုင်ရာ အားနည်းချက်များ တွေ့ရပါသည်။ အသေးစားရေလုပ်ငန်းများအတွက် အခွင့်အလမ်းများမှာ ကန့်သတ်လျှက်ရှိပြီး အခြားအလုပ်အကိုင်နှင့် ဝင်ငွေအခွင့်အလမ်းများ ရှားပါးခြင်း၊ အတင်းအဓမ္မ ခိုင်းစေမှုများရှိခြင်း၊ ကလေး အလုပ်သမားများ ခိုင်းစေခြင်း၊ ဈေးကွက်ခေါင်းပုံဖြတ်မှုများရှိခြင်း စသည်တို့အပြင် လုံခြုံစိတ်ချရမှု နည်းပါး၍ ကျန်းမာရေးဆိုင်ရာ အကာအကွယ်မဲ့သော အလုပ်ခွင်တွင် လုပ်ကိုင် နေရသူများ ဖြစ်ကြပါသည်။ ပတ်ဝန်းကျင် ညစ်ညမ်းမှု၊ သဘာဝ ဝန်းကျင် ပျက်ဆီးယိုယွင်းမှု၊ ရာသီဥတု ဖောက်လွဲဖောက်ပြန် ဖြစ်မှုများနှင့် သဘာဝနှင့် လူတို့မှ ပြုလုပ်သော သဘာဝဘေးအန္တရာယ်များသည် အသေးစားငါးဖမ်းလုပ်ငန်း

များအတွက် ထပ်ဆောင်း ခြိမ်းခြောက်မှုများ ဖြစ်ပါသည်။ အထက်ပါ အခက်အခဲများ စုပေါင်းလာပြီး အသေးစား ငါးဖမ်းလုပ်ငန်းများအနေဖြင့် ၎င်းတို့၏ လုပ်ငန်းများနှင့် ငါးသယံဇာတများ တည်တံ့ရေး၊ တရားဝင် ငါးဖမ်းခွင့်ရရေးနှင့် ရေသယံဇာတများကို အသုံးချခွင့်ရရေးအပြင် မိမိတို့၏ အခွင့်အရေးများကို ကာကွယ်ရန် အင်အားနည်းပါးသည့် အခြေအနေများနှင့် ရင်ဆိုင်နေရပါသည်။

ဤလမ်းညွှန်ချက်များသည် အသေးစားငါးဖမ်းလုပ်ငန်း အသိုက်အဝန်းမှ ကိုယ်စားလှယ်များ၊ လူမှုရေးဆိုင်ရာအဖွဲ့အစည်းများ (CSOs)၊ အစိုးရများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားသော နီးနွယ်ပတ်သက်သူများ၏ ပူးပေါင်းပါဝင်မှု၊ ဆွေးနွေးတိုင်ပင်ညှိနှိုင်းမှုများဖြင့် ရေးဆွဲထားခြင်းဖြစ်သည်။

မေလ ၂၀ ရက်နေ့မှ ၂၄ ရက် ၂၀၁၃ခုနှစ်တွင် ပထမ အကြိမ်နှင့် ဖေဖော်ဝါရီလ ၃ ရက်မှ ၇ ရက် ၂၀၁၄ ခုနှစ်တွင် ဒုတိယအကြိမ် ကျင်းပပြုလုပ်ခဲ့သော စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးဆိုင်ရာ အဖွဲ့အစည်း (FAO) ၏ အစည်းအဝေးများမှ နည်းပညာဆိုင်ရာ ဆွေးနွေးအကြံပေးမှုများကို ပြုလုပ်ခဲ့ပြီး ဤလမ်းညွှန်ကို ပြန်လှန်သုံးသပ်ခဲ့ပါသည်။ ၎င်းအစည်းအဝေးမှ တန်းတူညီမျှရှိရေး၊ နိမ့်ချ ဆက်ဆံမှုမရှိရေး၊ အတူတကွပါဝင်ဆောင်ရွက်ရေး၊ ချန်လှပ် မခံရရေး၊ တာဝန်ခံမှုနှင့် တရားဥပဒေ စိုးမိုးရေး၊ အလုံးစုံသော လူ့အခွင့်အရေးများသည် တပြေးညီတန်းတူ ဖြစ်ရေး၊ မခွဲခြားရေး၊ အပြန်အလှန်ချိတ်ဆက်လုပ်ဆောင်ရေးနှင့် အပြန်အလှန်မှီခိုအားပြုနိုင်ရေး စသည့် အချက်များအပါအဝင် ကျယ်ပြန့်အရေးကြီးသည့် သုံးသပ်ချက်များနှင့် အခြေခံသဘောတရားများကို ထည့်သွင်းစဉ်းစားခဲ့ပါသည်။ လမ်းညွှန်ချက်များမှာ နိုင်ငံတကာလူ့အခွင့်အရေး မြှင့်တင်ခြင်း လုပ်ငန်းများနှင့် ဆီလျော်ပါသည်။ ဤလမ်းညွှန်ချက်များသည် တာဝန်ရှိမှုအသိစိတ်ဖြင့် ဆောင်ရွက်ရမည့် ငါးလုပ်ငန်းကျင့်ဝတ်များ (the code) နှင့် ဆက်စပ်လမ်းညွှန်ချက်များ၏ ဖြည့်စွက်မှု ဖြစ်သည်။ ထို့အပြင် စံသတ်မှတ်ချက်များနှင့် သက်ဆိုင်သည့် နည်းပညာဆိုင်ရာ လမ်းညွှန်ချက်များဖြစ်သည့် "ငါးလုပ်ငန်းဆိုင်ရာ တာဝန်များအတွက် နည်းပညာဆိုင်ရာလမ်းညွှန်ချက်များ" နံပါတ် (၁၀)၊ "ဆင်းရဲ နွမ်းပါးမှု လျှော့ချရေးနှင့် စားနပ်ရိက္ခာဖူလုံရေးအတွက် အသေးစားငါးဖမ်းလုပ်ငန်းများ ပါဝင်လုပ်ဆောင်မှု တိုးမြှင့်ရေး" စသည်တို့အပြင် အခြား နိုင်ငံတကာမှ ပြဋ္ဌာန်းထားသည့် လိုက်နာ လုပ်ဆောင်သင့်သည့် ညွှန်ကြားချက်များဖြစ်သည့် "အမျိုးသား စားနပ်ရိက္ခာ ပြည့်စုံလုံလောက်မှု အခြေအနေများ အတွက် မြေယာပိုင်ဆိုင်မှု၊ ငါးဖမ်းလုပ်ငန်းနှင့် သစ်တောဆိုင်ရာများအပေါ်တွင် ဆောင်ရွက်ရမည့် စီမံအုပ်ချုပ်မှုဆိုင်ရာ တာဝန်များအတွက် လိုက်နာလုပ်ဆောင်သင့်သည့် လမ်းညွှန်ချက်များ" (ပိုင်ဆိုင်မှုဆိုင်ရာ လမ်းညွှန်ချက်များ)၊ " အမျိုးသား စားနပ်ရိက္ခာ လုံခြုံမှုဆိုင်ရေးအတွက် စားနပ်ရိက္ခာ ပြည့်စုံလုံလောက်မှု အခွင့်အရေး (စားနပ်ရိက္ခာဆိုင်ရာ အခွင့်အရေး)" စသည့် အချက်များ ပါဝင်သည်။ နိုင်ငံတော်နှင့် အခြားသက်ဆိုင်သူအားလုံးသည် လိုက်နာကျင့်သုံးရမည့် အချက်များကို ပြည့်ဝစွာ ဖော်ဆောင်နိုင်ရန်အတွက် ဖေါ်ပြပါလမ်းညွှန်မှုများ အပါအဝင် အခြားသော လမ်းညွှန်မှုများ၊ နိုင်ငံတကာနှင့် ဒေသဆိုင်ရာ လမ်းညွှန်ချက်များ၊ လုပ်ဆောင်မှုများကို တိုင်ပင်ညှိနှိုင်း ဆွေးနွေး လုပ်ဆောင်ကြရန် အကြံပြုတိုက်တွန်းအပ်ပါသည်။

# အပိုင်း (၁): မိတ်ဆက်

## ၁. ရည်ရွယ်ချက်များ

၁.၁ ဤလမ်းညွှန်ချက်များအတွက် ရည်ရွယ်ချက်များမှာ -

က. ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာ ပြည့်စုံလုံလောက်ရေးနှင့် အာဟာရပြည့်မီရေး အတွက် အသေးစားငါးဖမ်းလုပ်ငန်းများ၏ ပါဝင်ဆောင်ရွက်မှုကို တိုးမြှင့်ရေးနှင့် ပြည့်စုံလုံလောက်သော စားနပ်ရိက္ခာ ရရှိပိုင်ဆိုင်ခွင့်အတွက် တိုးတက်မှန်ကန်သော အသိအမြင်များ ဖြစ်ပေါ်လာရန် ထောက်ကူပေးရန်

ခ. အသေးစားငါးဖမ်းလုပ်ငန်း အသိုက်အဝန်းများ သာတူညီမျှ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နိုင်ပြီး ရေရှည်တည်တံ့ သော စီမံခန့်ခွဲမှု နည်းလမ်းများဖြင့် ငါးဖမ်းသမားများနှင့် ငါးလုပ်ငန်းလုပ်သားများ၏ လူမှုစီးပွါး တိုးတက်လာစေရန်။

ဂ. တာဝန်ရှိမှု အသိစိတ်ဖြင့် ဆောင်ရွက်ရမည့် ငါးလုပ်ငန်းကျင့်ဝတ်များနှင့် ဆက်စပ်လမ်းညွှန် ချက်များကို အသုံးပြုခြင်းဖြင့် ရေရှည်တည်တံ့သော သုံးစွဲမှု၊ ရေရှည်မျှော်တွေးသော စီမံခန့်ခွဲမှု နှင့် ရေသယံဇာတများ ထိန်းသိမ်းမှုများ ရရှိရန်။

ဃ. ကမ္ဘာမြေကြီးနှင့် လူသားများအတွက် စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲမည့် အနာဂတ်ကို ဖန်တီးပေးနိုင်ရန်အတွက် အသေးစားငါးဖမ်း လုပ်ငန်းများပါဝင် ဆောင်ရွက်မှုကို မြှင့်တင်ရန်

င. နိုင်ငံတော်နှင့် ဆက်စပ်အဖွဲ့အစည်းများ၏ လမ်းညွှန်ချက်ဖြင့် ပြည်သူများ ပူးပေါင်းပါဝင် သော သဘာဝဂေဟစနစ်နှင့် လိုက်လျောညီထွေမည့် မူဝါဒများ၊ နည်းဗျူဟာများ၊ ဥပဒေ မူဘောင်များအား ဖေါ်ထုတ်ခြင်းဖြင့် ရေရှည်တည်တံ့၍ တာဝန်ယူမှု အသိစိတ်ရှိသော အသေး စားရေလုပ်ငန်းများ ပေါ်ထွန်းလာရန်။

စ. အသေးစားရေလုပ်ငန်း၏ လက်ရှိအရေးပါမှုနှင့် ဖြစ်နိုင်ချေများ၊ အခွင့်အလမ်းနှင့် ကန့်သတ် ချက်များ၊ ယဉ်ကျေးမှု ဓလေ့စရိုက်နှင့် အခန်းကဏ္ဍများ၊ ဘိုးစဉ်ဘောင်ဆက် လက်ဆင့်ကမ်းမှု နှင့် မိရိုးဖလာနည်းလမ်းများနှင့် ပတ်သက်၍ ပြည်သူများ၏ အသိအမြင် ဗဟုသုတများအား မြှင့်တင်ပေးရန်။

၁.၂ ဤရည်ရွယ်ချက်များကို လူ့အခွင့်အရေး အခြေခံသော ချဉ်းကပ်မှုပုံစံများဖြင့် တိုးမြှင့်လုပ်ဆောင် သွားရန်ဖြစ်ပြီး အသေးစားငါးဖမ်းလုပ်ငန်းများတွင် ပါဝင်ကြသည့် အမျိုးသား၊ အမျိုးသမီးများကိုလည်း ဆုံးဖြတ်ချက်ချမှတ်သည့် ကိစ္စရပ်များတွင် ပါဝင်စေခြင်းဖြင့် လုပ်ကိုင်ခွင့်များပေးအပ်ခြင်း၊ ထို့အတူ

ငါးလုပ်ငန်းအရင်းအမြစ်များကို ရေရှည်တည်တံ့ခိုင်မာစေရန် တာဝန်ယူပြီး ဖွံ့ဖြိုးဆဲ တိုင်းပြည်များ၏ လိုအပ်ချက်များ၊ ထိခိုက်လွယ်အုပ်စုများနှင့် ခွဲခြားဆက်ဆံခံရသည့် အုပ်စုများ၏ အကျိုးစီးပွားများကို ဂရုပြုဆောင်ရွက်သွားရန်ဖြစ်သည်။

## ၂. သဘောသဘာဝနှင့် နယ်ပယ်အတိုင်းအတာ

၂.၁ ဤလမ်းညွှန်ချက်များ၏ သဘောသဘာဝမှာ ဆန္ဒအလျောက်ပါဝင်လုပ်ဆောင်ရန်သာဖြစ်သည်။ ဤလမ်းညွှန်ချက်များကို အသေးစားငါးဖမ်းလုပ်ငန်း အခြေအနေအားလုံးအတွက် အသုံးပြုသွားရန်ဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာ အတိုင်းအတာသာမက ဖွံ့ဖြိုးဆဲနိုင်ငံများ၏ လိုအပ်ချက်များတွင်လည်း အထူးအာရုံစိုက်လုပ်ဆောင်သွားရန်ဖြစ်သည်။

၂.၂ ဤလမ်းညွှန်ချက်သည် ပင်လယ်ပြင်နှင့် ကုန်းတွင်းအသေးစား ငါးဖမ်းသူအားလုံးနှင့် သက်ဆိုင်သည်။ (ဆိုလိုသည်မှာ ငါးဖမ်းလုပ်ငန်းတစ်ခုလုံးရှိ လုပ်ငန်းစဉ်အားလုံးတွင် လုပ်ကိုင်နေသော အမျိုးသား၊ အမျိုးသမီးများ အားလုံးနှင့် သက်ဆိုင်သည်) အသေးစားငါးဖမ်းလုပ်ငန်းနှင့် ရေသတ္တဝါ မွေးမြူရေး၏ ဆက်စပ်မှုကို အသိမှတ်ပြုသော်လည်း ငါးဖမ်းလုပ်ငန်းများအတွက် အထူးဦးတည်ပါသည်။

၂.၃ ဤလမ်းညွှန်ချက်များသည် FAO အဖွဲ့ဝင်နှင့် အဖွဲ့ဝင်မဟုတ်သော နိုင်ငံအားလုံးအတွက် ဖြစ်ပြီး နိုင်ငံတစ်ခုရှိ အဆင့်အသီးသီးသာမက ဒေသခွဲ၊ ဒေသဆိုင်ရာ၊ နိုင်ငံတကာနှင့် အစိုးရဌာနတွင်းမှ ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများ၊ အသေးစားငါးဖမ်းလုပ်ငန်းများတွင် ပါဝင်သက်ဆိုင်သူများ (တံငါသည်များ၊ ငါးလုပ်ငန်းလုပ်သားများ၊ ၎င်းတို့၏အသိုက်အဝန်း၊ ရိုးရာဓလေ့ထုံးစံအရ သြဇာရှိသူများနှင့် သက်ဆိုင်ရာ ပညာရှင်အဖွဲ့အစည်းများ၊ CSO များ) အတွက် ရည်ရွယ်ပါသည်။ ထို့အပြင် သုတေသနနှင့် ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအခန်းကဏ္ဍ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ငါးလုပ်ငန်းဆိုင်ရာ သက်ဆိုင်သူအားလုံး၊ ကမ်းရိုးတန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ရေပေါ်ရေအောက် သဘာဝပတ်ဝန်းကျင်ကို အသုံးပြုနေသူများ အားလုံးအတွက်လည်း ရည်မှန်းပါသည်။

၂.၄ ဤလမ်းညွှန်ချက်များသည် အသေးစားငါးဖမ်းလုပ်ငန်းများတွင် မတူကွဲပြားမှုများ ကြီးမားစွာ ပါဝင်လျက်ရှိပြီး သီးသန့်ပုဂ္ဂလိကကွဲထွက်နေခြင်းမျိုး မရှိခြင်းကို လက်ခံထားပြီး ကဏ္ဍခွဲများ၏ သတ်မှတ်ချက်များကိုလည်း ကောင်းစွာအသိအမှတ်ပြုသည်။ ထိုနည်းတူစွာ လမ်းညွှန်ချက်များတွင် အသေးစားငါးဖမ်းလုပ်ငန်းများအတွက် တပြေးညီစံသတ်မှတ်ချက်များကို ချမှတ်ခြင်းမရှိဘဲ နိုင်ငံအလိုက်အမျိုးသားအဆင့် မည်သို့လုပ်ဆောင်သင့်သည်ဟူသော လမ်းညွှန်သတ်မှတ်ချက်များကို ချမှတ်ထားခြင်းမရှိပါ။ ဤလမ်းညွှန်ချက်များသည် အထူးသဖြင့် အသေးစားငါးလုပ်ငန်းများ ရှင်သန်ရပ်တည်ရန်နှင့် ငါးလုပ်ငန်းမှထိခိုက်လွယ်ခံစားရသူများနှင့် ပို၍သက်ဆိုင်သည်။ လမ်းညွှန်ချက်များကို

လုပ်ဆောင်ရာတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုများရှိစေရန်အတွက် မည်သည့်လုပ်ဆောင်မှု၊ လုပ်ကိုင်ဆောင်ရွက်သူများသည် အသေးစားဖြစ်သည်၊ မည်သည့်အုပ်စုများသည် ထိခိုက်လွယ် (သို့) ခွဲခြားဆက်ဆံခံရသော အုပ်စုများဖြစ်ပြီး ပို၍ အလေးပေးလုပ်ဆောင်သင့်သည် စသည့်အချက်များကို သေချာမှန်ကန်စွာလုပ်ဆောင်ရန် အရေးကြီးသည်။ ထိုလုပ်ဆောင်ချက်များကို ဒေသတခုလုံးဆိုင်ရာ၊ ဒေသခွဲအဆင့် (သို့) အမျိုးသားအဆင့် စသဖြင့် သင့်လျော်သည့်အနေအထားအလိုက် ဆောင်ရွက်သင့်သည်။ နိုင်ငံတော်အနေဖြင့်လည်း ထိုကဲ့သို့သော သတ်မှတ်ချက်များနှင့် လုပ်ကိုင်ဆောင်ရွက်ခြင်းများကို အဓိပ္ပာယ်ပြည့်ဝပြီး ထိရောက်သော၊ ဆွေးနွေးညှိနှိုင်းလုပ်ဆောင်သော၊ အလွှာတိုင်းပါဝင်သော၊ ဦးတည်ချက်နှင့် အညီလုပ်ဆောင်သော ဆောင်ရွက်ချက်များ ဟုတ်မဟုတ်ကို သေချာစွာစီစစ်ဆောင်ရွက်ပြီး သို့မှသာ ထိုလုပ်ငန်းများမှ အမျိုးသား၊ အမျိုးသမီးအားလုံး၏ အသံများကို ကြားနိုင်မည်ဖြစ်သည်။ ထိုဖြစ်စဉ်တစ်ခုလုံးတွင် သက်ဆိုင်ရာပုဂ္ဂိုလ်အားလုံးသည် သင့်လျော်၊ သက်ဆိုင်သလို အထောက်အပံ့ပေးခြင်း၊ ပါဝင်ဆောင်ရွက်ခြင်းများပြုသင့်ပေသည်။

၂.၅ ဤလမ်းညွှန်ချက်များသည် နိုင်ငံ၏ အမျိုးသားအဆင့်တရားဥပဒေဆိုင်ရာစနစ်များနှင့် ၎င်းတို့၏ အဖွဲ့အစည်းများအတွက် သင့်လျော်ကိုက်ညီသလို ပြန်ဆိုအသုံးပြုသင့်ပေသည်။

## ၃. အခြေခံသဘောတရားလမ်းညွှန်ချက်များ

၃.၁ ဤလမ်းညွှန်ချက်များသည်ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစည်းအဝေး (Rio + 20) မှထွက်ပေါ်လာသည့် စာတမ်းဖြစ်သည့် "ကျွန်ုပ်တို့အလိုရှိသော အနာဂတ်" ဟူသည့်စာတမ်းတွင် ပြဋ္ဌာန်းထားသည့် နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများ၊ ငါးလုပ်ငန်းတာဝန်ပိုင်းဆိုင်ရာ စံသတ်မှတ်များနှင့် လုပ်ဆောင်ရန်များ၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးလိုက်နာဆောင်ရွက်ရမည့် စံသတ်မှတ်ချက်များနှင့် အခြားသက်ဆိုင်ရာ နည်းစနစ်များ စသည်တို့အပေါ်တွင်အခြေခံထားပြီး ထိခိုက်လွယ်အုပ်စုများနှင့် အခြားခွဲခြားဆက်ဆံခံရသည့် အုပ်စုများအပေါ်တွင် အထူးအာရုံစိုက်လုပ်ဆောင်သည်။ ထို့အပြင် စားနပ်ရိက္ခာလုံလောက်မှုတမှု အခွင့်အရေးများကို ကောင်းစွာတိုးတက်သိမြင်သဘောပေါက်လာစေရန်အတွက် အထောက်အကူပြုရန်လည်းဖြစ်သည်။

၁. **လူ့အခွင့်အရေးနှင့် ဂုဏ်သိက္ခာ:** တစ်ဦးချင်းစီ၏ မွေးရာပါ ဂုဏ်သိက္ခာနှင့် တန်းတူညီမျှမှု၊ ထာဝရပိုင်ဆိုင်သည့် လူ့အခွင့်အရေးကို အသိအမှတ်ပြုသည်။ လူအားလုံးသည် အသေးစားငါးဖမ်းလုပ်ငန်းများကို မှီခိုနေရသည့် လူ့အဖွဲ့အစည်းများ၏ အခြေခံလူ့အခွင့်အရေးများကို အသိအမှတ်ပြု၊ လေးစားပြီး နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများဖြစ်သည့် အကြွင်းမဲ့သာတူညီမျှမှုနှင့် ထာဝရတည်တံ့မှု၊ ခွဲခြားမှုမရှိခြင်း၊ အပြန်အလှန်မှီခိုအားထားမှုနှင့် အပြန်အလှန်ဆက်စပ်မှု၊ နှိမ်ချဆက်ဆံမှု မရှိခြင်းနှင့် တန်းတူညီမျှမှု၊ ပါဝင်ဆောင်ရွက်ခြင်းနှင့် ပါဝင်

လုပ်ဆောင်စေခြင်း၊ တရားဥပဒေစိုးမိုးရေးကို တာဝန်ခံနိုင်မှု စသည့်အချက်များကို မြှင့်တင်ကာကွယ်ပေးရပေမည်။ နိုင်ငံတော်သည်လည်း လူ့အခွင့်အရေးကို အကာအကွယ်ပေးသူများ၏ အခွင့်အရေးကို အသေးစားငါးဖမ်းလုပ်ငန်းများ၏ လုပ်ငန်းခွင်များတွင် လေးစား အကာအကွယ်ပေးသင့်ပေသည်။

အသေးစားငါးဖမ်းလုပ်ငန်းများကို ထိခိုက်သက်ရောက်စေမည့် စီးပွားရေးလုပ်ငန်းများ အပါအဝင် အစိုးရမဟုတ်သော အခြားသက်ဆိုင်သူအားလုံးသည်လည်း လူ့အခွင့်အရေးကို လေးစားလိုက်နာရန်တာဝန်ရှိသည်။ နိုင်ငံတော်မှလည်း အသေးစားငါးဖမ်းလုပ်ငန်းများနှင့် စပ်လျဉ်းသော လုပ်ငန်းများတွင် အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ၏ ဆောင်ရွက်မှု အတိုင်းအတာသည် နိုင်ငံတကာ လူ့အခွင့်အရေးစံနှုန်းများကို လေးစားလိုက်နာမှုရှိမရှိ ကို မှန်ကန်မျှတအောင်လုပ်ဆောင်သင့်သည်။

၂. **ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို လေးစားခြင်း :** အသေးစားငါးလုပ်ငန်းများ၏ ဖွဲ့စည်းတည်ရှိမှုပုံစံ၊ အစဉ်အလာနှင့် ဒေသဆိုင်ရာအသိအမြင်၊ ဌာနေတိုင်းရင်းသားများ၏ ဓလေ့ထုံးစံ၊ လူနည်းစု တိုင်းရင်းသားမျိုးနွယ်များ အခွင့်အရေးနှင့် CEDAWမှ ပြဋ္ဌာန်းထားသော အမျိုးသမီးများ၏ ဦးဆောင်မှု အခန်းကဏ္ဍများကို လေးစားအသိအမှတ် ပြုရမည်။

**၃. နိမ့်ချခွဲခြားဆက်ဆံမှုမရှိရေး :** မူဝါဒပိုင်းနှင့် လက်တွေ့ကျင့်သုံးမှုအပိုင်းများတွင် အသေးစားငါးဖမ်းလုပ်ငန်းများအပေါ် မည်သည့် နိမ့်ချခွဲခြားဆက်ဆံမှုမျှ မရှိစေရ။

**၄. ကျား/မ သာတူညီမျှမှုနှင့် သက်ညှာမှု :** အသေးစား ငါးဖမ်းလုပ်ငန်းများတွင် အမျိုးသမီးများ၏ အရေးပါမှု အခန်းကဏ္ဍကို အသိအမှတ်ပြုပြီး သာတူညီမျှ အခွင့်အရေးနှင့် အခွင့်အလမ်းများကို မြှင့်တင်ရမည်။

**၅. သာတူညီမျှမှုနှင့် သက်ညှာမှု :** လူ့အခွင့်အရေးအားလုံးကို တူညီစွာ ခံစားခွင့်အပါအဝင် လူပုဂ္ဂိုလ်အားလုံးအတွက် တရားမျှတမှုနှင့် သမာသမတ်ကျမှုများကို ဥပဒေပိုင်းအရသာမက လက်တွေ့ အကောင်အထည်ဖော်မှုအပိုင်းတွင်လည်း မြှင့်တင်ရမည်။ အမျိုးသားနှင့် အမျိုးသမီးများ၏ ကွဲပြားသော လိုအပ်ချက်များကို အသိအမှတ်ပြု၍ လိုအပ်ချက်အလိုက် ညီမျှမှုရှိလာစေရန် ပံ့ပိုးရမည်။

**၆. ဆွေးနွေးညှိနှိုင်းမှုနှင့် ပါဝင်ဆောင်ရွက်မှု :** ရေသယံဇာတအရင်းအမြစ်များ၊ အသေးစားငါးဖမ်းလုပ်ငန်းများ လုပ်ကိုင်ရာ ရေပြင်၊ ၎င်းနှင့်ထိစပ်နေသည့် ကုန်းမြေနှင့်ပတ်သက်သော အရေးကိစ္စများတွင် ပါဝင်ပတ်သက်သူများ၏ မတူညီသောလွှမ်းမိုးနိုင်မှုကို အသိအမှတ်ပြု၍ အသေးစားငါးဖမ်းသမားများ (ဌါနေတိုင်းရင်းသားများ အပါအဝင်) အား ကုလသမဂ္ဂ၏ ဌာနေတိုင်းရင်းသားများဆိုင်ရာ အခွင့်အရေးကြေငြာစာတမ်း (UNDRIP) ပါ အတိုင်း အကာအကွယ်

ပေးရမည်။ ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် ၎င်းတို့အား တက်ကြွ၊ လွတ်လပ်၊ ထိရောက်၍ အဓိပ္ပါယ်ရှိသော ကြိုတင်အသိပေး အကြောင်းကြားမှု အပြည့်ဖြင့် ပူပေါင်းပါဝင် စေရမည်။

**၇. တရားဥပဒေစိုးမိုးမှု :** အသေးစားရေလုပ်ငန်းများ အားလုံးအတွက် တူညီသော၊ အများ သိရှိနိုင်ရန် ကျယ်ပြန့်စွာ ပုံနှိပ်ဖော်ပြသောဥပဒေဖြစ်၍ တူညီသော အကျိုးသက်ရောက်ရန်နှင့် နိုင်ငံတော်နှင့် နိုင်ငံတကာဥပဒေများနှင့် ကွဲလွဲမှုမရှိဘဲ နိုင်ငံတော်က မိမိသဘောဆန္ဒ အလျောက် လိုက်နာကျင့်သုံးရန် သဘောတူထားသည့် ဒေသတွင်းနှင့် နိုင်ငံတကာ စံညွှန်းများ အတိုင်း ဥပဒေကြောင်းအရသာ ဆောင်ရွက်ရမည်။

**၈. ပွင့်လင်းမြင်သာမှု :** မူဝါဒများ၊ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် ဆုံးဖြတ်ချက်ချမည့် နည်းစနစ်များကို အများနားလည်သိရှိနိုင်သော ဘာသာစကားကို အသုံးပြု၍ ပြည်သူများ သိရှိနိုင်အောင် ဆောင်ရွက်ထားရမည်။

**၉. တာဝန်ခံမှု:** လူတစ်ဦးချင်း၊ အစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်း များသည် မိမိတို့၏ ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ချက်များအပေါ် တရားဥပဒေမူဘောင် အတွင်းမှ လုပ်ဆောင်ကြောင်း တာဝန်ခံမှု ရှိရမည်။

**၁၀. စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲမှု :** အရင်း အမြစ်များကို အလွန်အကျွံ ထုတ်ယူသုံးစွဲခြင်း အပါအဝင် သဘာဝဝန်းကျင်နှင့် လူမှုစီးပွား ဆိုင်ရာ ဆိုးကျိုးများ မဖြစ်စေရန်အတွက် ကြိုတင်သတိချပ်မှုနှင့် ကြုံတွေ့လာနိုင်ဖွယ်ရှိသော ဘေးအန္တရာယ် ကြိုတင်စီမံခန့်ခွဲမှု နည်းလမ်းများဖြင့် ဆောင်ရွက်ရမည်။

**၁၁. အလုံးစုံပါဝင်ဆောင်ရွက်ခြင်းနှင့် ပူးပေါင်းပါဝင်ချဉ်းကပ်ခြင်း:** အသေးစား ရေလုပ်ငန်း အခန်းကဏ္ဍနှင့် ၎င်းတို့၏ အသက်မွေးဝမ်းကြောင်း လုပ်ငန်းများသည် သဘာဝဂေဟစနစ် အပေါ် အခြေခံသည့်အလျောက် ရေလုပ်ငန်းကို ဂေဟစနစ်နှင့်အညီ ချဉ်းကပ်ခြင်းနှင့် အခြား ဆက်စပ်ကဏ္ဍများ၏ ပူးပေါင်းဆောင်ရွက်မှုအား မြှင့်တင်ရမည်။

**၁၂. လူမှုရေးဆိုင်ရာ တာဝန်ဝတ္တရားများ :** သက်ဆိုင်သူများ ပူပေါင်းဆောင်ရွက်သည့် အခြေ အနေကောင်းတစ်ခု ဖန်တီးနိုင်ရန် ရပ်ရွာလူထု စည်းလုံးညီညွတ်မှု၊ စုပေါင်းဆောင်ရွက်သည့် အလေ့အထနှင့် ပူးပေါင်းတာဝန်ယူမှုများကို မြှင့်တင်ပေးရမည်။

**၁၃. လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ဖြစ်ပေါ်လာနိုင်သည့် အလားအလာ:** အသေးစား ငါးဖမ်းလုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ဆိုင်ရာမူဝါဒများ၊ နည်းဗျူဟာ များ၊ အစီအစဉ်များနှင့် လက်တွေ့လုပ်ငန်းစဉ်များ စသည်တို့သည် လူမှုစီးပွား တိုးတက်ရေး အတွက် အထောက်အကူပြုရုံသာမက လက်တွေ့လည်း ကျရမည်။ ၎င်းတို့အား လက်ရှိအခြေ

အနေ၊ လက်တွေ့အကောင်အထည်ဖော်နိုင်မှုနှင့် လိုက်လျောညီထွေ ပြောင်းလဲနိုင်မှုများကို အသိပေးအကြောင်းကြားခြင်းနှင့် ရပ်ရွာလူထု၏ ကြံ့ကြံ့ခံရပ်တည်နိုင်စွမ်းအား ကောင်းလာစေရန် ဆောင်ရွက်ပေးရမည်။

## ၄. အခြားနိုင်ငံတကာပြဋ္ဌာန်းသတ်မှတ်ချက်များနှင့် နီးနှောဆက်နွယ်မှု

၄.၁ ဤလမ်းညွှန်ချက်များသည် လက်ရှိအမျိုးသားအဆင့်၊ နိုင်ငံတကာအဆင့် ဥပဒေများမှ အခွင့်အရေး၊ လိုက်နာဆောင်ရွက်ရမည့် ကျင့်ဝတ်များနှင့်အညီ ကိုက်ညီအောင်ပြန်ဆို အသုံးပြုရမည်ဖြစ်ပြီး ဒေသဆိုင်ရာ၊ နိုင်ငံတကာ ပြဋ္ဌာန်းချက်များနှင့်အညီ ကတိပြုလိုက်နာလုပ်ဆောင်သင့်ပေသည်။ ၎င်းတို့သည် လူ့အခွင့်အရေး၊ ငါးလုပ်ငန်း၏ တာဝန်ဝတ္တရားများ၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု စသည်တို့ကို အမျိုးသားအဆင့်၊ ဒေသအဆင့်နှင့် နိုင်ငံတကာအဆင့် စသဖြင့် ပြည့်စုံစွာ စတင်ဆောင်ရွက်ရမည်ဖြစ်သည်။ ဤလမ်းညွှန်ချက်များသည်လည်း လိုက်နာရမည့် စံသတ်မှတ်ချက်များ၊ ငါးလုပ်ငန်း ဆိုင်ရာ တာဝန်များကို ထောက်ကူရေးနှင့် အရင်းအမြစ်များရေရှည်ထိန်းသိမ်း အသုံးပြုရေးဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် အညီ ရေးဆွဲထားခြင်းဖြစ်သည်။

၄.၂ ဤလမ်းညွှန်ချက်များတွင် နိုင်ငံတစ်နိုင်ငံသည် နိုင်ငံတကာဥပဒေစံနှုန်းများအောက်၌ မည်သည့် အခွင့်အရေး၊ လိုက်နာဆောင်ရွက်ရမည့် အချက်များကိုမှ ကန့်သတ်ခြင်း (သို့) လျှော့ချသတ်မှတ်ခြင်း ပြုရန်မရှိပေ။ ဤလမ်းညွှန်ချက်များသည် ပြင်ဆင်ပြောင်းလဲရန်နှင့် စည်းမျဉ်းစည်းကမ်းအသစ်များ ဖြည့်စွက်ပြဋ္ဌာန်းရာတွင် လမ်းညွှန်အဖြစ်အသုံးပြုရန်သာဖြစ်သည်။

# အပိုင်း (၂) : ငါးလုပ်ငန်းဆိုင်ရာတာဝန်များနှင့် ခိုင်မာသည့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု

## ၅. အသေးစားငါးဖမ်းလုပ်ငန်းများနှင့် အရင်းအမြစ်စီမံခန့်ခွဲရေးဆိုင်ရာလုပ်ပိုင်ခွင့်များ စီမံ အုပ်ချုပ်ရေး

၅.၁ ဤလမ်းညွှန်ချက်များသည် ရေနေဇီဝမျိုးကွဲများနှင့် သဘာဝအရင်းအမြစ်များကို လက်ရှိနှင့် အနာဂတ်မျိုးဆက်များအတွင်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုအပ်ချက်များ ပြည့်မီစေရန်အတွက် ရေရှည်ထိန်းသိမ်းသုံးစွဲရန် လိုအပ်သော တာဝန်များကို သတ်မှတ်ထားသည်။ အသေးစားငါးဖမ်းလုပ်ငန်းများသည် ၎င်းတို့၏ လူမှုရေးနှင့် အစဉ်အလာအရ ကောင်းစွာဖြစ်တည် ရှင်သန်ရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ရေရှည်တည်တံ့ဖွံ့ဖြိုးရေးအတွက် လုံခြုံစိတ်ချရသည့် အရင်းအမြစ်များ ပိုင်ဆိုင်ခွင့်[2] ရှိရန်လိုအပ်သည်။ ဤလမ်းညွှန်ချက်များတွင် ရေလုပ်ငန်းနှင့်

[2] ပိုင်ဆိုင်ခွင့် ဟူသည့်အသုံးအနှုန်းသည် အမျိုးသားစားနပ်ရိက္ခာလုံခြုံရေးအဖွဲ့၏ မြေယာပိုင်ဆိုင်မှု၊ ငါးလုပ်ငန်းနှင့် သစ်တောလုပ်ငန်းဆိုင်ရာ အုပ်ချုပ်ရေးတာဝန်များလမ်းညွှန်မှ အသုံးအနှုန်းဖြစ်သည်။

ဂေဟစနစ်စီမံခန့်ခွဲရေးလုပ်ငန်းများမှ ထွက်ပေါ်လာသည့် အကျိုးအမြတ်များကို အသေးစား တံငါသည်များနှင့် ရေလုပ်သားများ၊ အမျိုးသမီး၊ အမျိုးသား စသည်တို့ကို ချီးမြှင့်စေခြင်းအားဖြင့် အထောက်အကူပေးရန်ညွှန်ပြထားသည်။

## ၅.က လုပ်ပိုင်ခွင့်များစီမံအုပ်ချုပ်ရေးအတွက် တာဝန်ရှိသည့် အချက်များ

၅.၂ ပါဝင်သက်ဆိုင်သူအားလုံးသည် အသေးစားရေလုပ်ငန်းမှ မြေယာ၊ ငါးလုပ်ငန်းနှင့် သစ်တော ဆိုင်ရာ ပိုင်ဆိုင်မှုများ စီမံအုပ်ချုပ်မှုသည် လူ့အခွင့်အရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ ဆင်းရဲ နွမ်းပါးမှု တိုက်ဖျက်ရေး၊ ရေရှည်တည်တံ့နိုင်မြဲမည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ လူမှုရေး တည်ငြိမ် အေးချမ်းမှု၊ အိမ်ယာ ပြည့်စုံလုံလောက်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုး တိုးတက်မှု စသည်တို့၏ ဗဟိုချက်ဖြစ်သည်ကို အသိအမှတ်ပြုရမည်။

၅.၃ အသေးစားငါးဖမ်းသမားများနှင့် ငါးဖမ်းလုပ်သားများအတွက် ငါးသယံဇာတ၊ ငါးဖမ်းရေပြင်နှင့် ဆက်စပ်ကုန်းမြေများအား လုပ်ငန်းလုပ်ကိုင် စားသောက်နိုင်ရေးအတွက် လုံခြုံသော၊ တရားမျှတ သော၊ လူမှုရေးဓလေ့ထုံးစံတို့နှင့် ကိုက်ညီသော အခွင့်အရေးကို နိုင်ငံတော်သည် ၎င်း၏ ဥပဒေ များအရ ပေးရမည်။ အမျိုးသမီးများအတွက် လုပ်ငန်းလုပ်ကိုင်စားသောက်ခွင့်ကို ပိုမိုစဉ်းစားပေးရမည်။

၅.၄ နိုင်ငံတော်နှင့် ဆက်စပ်အဖွဲ့အစည်းများသည် ၎င်း၏ ဥပဒေများအတွင်းမှ အသေးစား ငါးဖမ်း လုပ်ငန်းများအား တရားဝင် ငါးလုပ်ငန်း လုပ်ကိုင်စားသောက်ခွင့်ကို သင့်တော်သော (မိရိုးဖလာ ဥပဒေ များအပါအဝင်) ပြဋ္ဌာန်းခြင်း၊ အသိအမှတ်ပြုပေးခြင်းများ ဆောင်ရွက်ရမည်။ နိုင်ငံတော်သည် တရားဥပဒေအရ ပိုင်ဆိုင်ခွင့်ရှိသူများနှင့် ၎င်းတို့၏အခွင့်အရေးများကို သင့်လျော်သည့် နည်းလမ်းဖြင့် သတ်မှတ်၊ မှတ်တမ်းတင်၊ လေးစားလိုက်နာရမည်။ ဒေသခံများနှင့် တိုင်းရင်းသားလူနည်းစုများ အပါ အဝင် အသေးစား ငါးဖမ်းလုပ်ငန်းလုပ်သူများအတွက် ရေလုပ်ငန်း အရင်းအမြစ်များနှင့် မြေယာ လက်လှမ်းမီရရှိနိုင်မှုကို ဒေသဆိုင်ရာစံနှုန်း၊ လုပ်ထုံးလုပ်နည်းများ သာမက ဓလေ့ထုံးတမ်းဆိုင်ရာ အစဉ်အလာများနှင့်ပါ အသိအမှတ်ပြုရမည်ဖြစ်ပြီး နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေသများနှင့် အညီ လေးစားလိုက်နာ အကာအကွယ်ပေးသင့်ပေသည်။ UN DRIP နှင့် အမျိုးသား (သို့)တိုင်းရင်းသား၊ ပုဂ္ဂလိကပိုင်ဆိုင်ခွင့် အခွင့်အရေး၊ ဘာသာရေးနှင့် တိုင်းရင်းသား လူနည်းစု ဘာသာများ အခွင့်အရေး ကြေငြာချက် စသည်တို့ကိုလည်း သင့်လျော်သလို ထည့်သွင်း သုံးစွဲရမည်။ အမျိုးသမီးများဆိုင်ရာ အခွင့်အရေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေ (သို့မဟုတ်) တရားဥပဒေအရ ပြောင်းလဲလိုက်ခြင်းဖြင့် အားကောင်းခိုင်မာစေသော်လည်း ဓလေ့ထုံးတမ်းများနှင့် ဂိဂါဒကွဲပြားနေပါက ပါဝင်သက်ဆိုင်သူ အားလုံးသည် ထိုကဲ့သို့သော ဓလေ့ထုံးစံအရပြောင်းလဲရမည့် ပိုင်ဆိုင်မှုစနစ်များကို ပူးပေါင်းလက်တွဲ အဖြေရှာရမည်။

၅.၅. နိုင်ငံတော်အနေဖြင့် ဒေသရှိ ရေနေသတ္တဝါနှင့် ကမ်းရိုးတန်းဂေဟစနစ် ပြန်လည် ကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ ထိန်းသိမ်းခြင်း၊ ကာကွယ်ခြင်းနှင့် ပူးတွဲစီမံခန့်ခွဲခြင်း အခန်းကဏ္ဍများတွင် အသေးစားငါးဖမ်းလုပ်ငန်းများ၏ အရေးပါမှုကို အသိအမှတ်ပြုရမည်။

၅.၆ နိုင်ငံတော်ပိုင် (သို့) ထိန်းချုပ်ထားသည့် ရေသယံဇာတ (ငါးသယံဇာတများ အပါအဝင်) နှင့် မြေသယံဇာတများကို ပိုင်ဆိုင်ခွင့်နှင့် အသုံးချခွင့်များ ချထားရန်ဆုံးဖြတ်ရာတွင် လူမှုစီးပွားနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရည်ရွယ်ချက်များကို အထူးအလေးထား စဉ်းစားရမည်။ နိုင်ငံတော်အနေဖြင့် အသေးစားရေလုပ်ငန်းများမှ အသုံးပြုစီမံခန့်ခွဲနေသော အများပြည်သူပိုင်နေရာများအား အသိအမှတ်ပြုခြင်းနှင့် အကာအကွယ်ပေးခြင်းများကို သင့်တော်သလို ဆောင်ရွက်ရမည်။

၅.၇ ငါးလုပ်ငန်းကျင့်ဝတ်များ (the code)၏ အမှတ် (၆.၁၈) အရ အသေးစား ငါးဖမ်းလုပ်ငန်းများအား (အထူးသဖြင့် ထိခိုက်လွယ်အုပ်စုများအား) ငါးဖမ်းခွင့်ကို အလျဉ်းသင့်သလို ချထားပေးရမည်။ လိုအပ်ပါက အသေးစား ငါးဖမ်းလုပ်ငန်းများအတွက် သီးသန့်ရေပြင်ကို ပြဌာန်း သတ်မှတ်ပေးရမည်။ အကယ်၍ တတိယနိုင်ငံ (သို့) တတိယအဖွဲ့အစည်းများနှင့် သဘောတူစာချုပ်များ ချုပ်ဆိုရန်ရှိလာပါက ၎င်းနေရာရှိ အသေးစား ရေလုပ်ငန်းများအား အထူးအလေးထား စဉ်းစားပေးရမည်။

၅.၈ နိုင်ငံတော်အနေဖြင့် အသေးစား ငါးလုပ်ငန်းများအတွက် သာတူညီမျှသော ရေသယံဇာတ အရင်းအမြစ်များ ရရှိနိုင်ရန် လိုအပ်ပါက မြေ၊ ငါးနှင့် သစ်တောသယံဇာတများအား (တာဝန်သိသော စီမံအုပ်ချုပ်မှုနှင့် ပိုင်ဆိုင်အသုံးချမှုဆိုင်ရာ လမ်းညွှန်ချက်အရ) ရရှိနိုင်ရန် လိုအပ်ပါက ပြန်လည်ခွဲဝေချထားပေးခြင်းများ ပြုလုပ်ပေးရမည်။

၅.၉ နိုင်ငံတော်အနေဖြင့် အသေးစား ငါးဖမ်းလုပ်ငန်းများအား အတင်းအကြပ် လုပ်ငန်းများကို ရပ်တန့်စေခြင်းနှင့် ၎င်းတို့၏ ပိုင်ဆိုင်အသုံးချမှု အခွင့်အရေးများအား မဆုံးရှုံးစေရ။ နိုင်ငံတော်အနေဖြင့် အသေးစား ရေလုပ်ငန်းအချင်းချင်း (သို့) အသေးစား ငါးဖမ်းလုပ်ငန်းများနှင့် အခြားသူများအကြား ပြိုင်ဆိုင်မှုများ ရှိနိုင်သည်ကို အသိအမှတ်ပြုရမည်။ ၎င်းအခြေအနေများတွင် အသေးစား ငါးဖမ်းလုပ်ငန်းများ အထူးသဖြင့် ထိခိုက်လွယ်သူများမှာ အင်အားပိုမိုချိနဲ့သူများဖြစ်၍ ၎င်းတို့၏ အခြားလုပ်ငန်းများနှင့် နှိုင်းယှဉ်လျှင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို အခြားဖွံ့ဖြိုးရေး (သို့) လုပ်ငန်းများကြောင့် ထိခိုက်လာလျှင် အထူးထောက်ပံ့မှုများကို ပံ့ပိုးပေးရမည်။

၅.၁၀ နိုင်ငံတော်အနေဖြင့် အသေးစားငါးလုပ်ငန်းများ ထိခိုက်စေမည့် အကြီးစားဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရန်ရှိလျှင် လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်နိုင်မှုအား ဆန်းစစ်ရမည့်အပြင် တည်ဆဲဥပဒေနှင့် ကိုက်ညီသော ထိရောက်အကျိုးရှိမည့် ဆွေးနွေးညှိနှိုင်းမှုများကို ဆောင်ရွက်ရမည်။

၅.၁၁ နိုင်ငံတော်အနေဖြင့် ထိခိုက်လွယ်အုပ်စုများ၊ စွမ်းအားမဲ့ အုပ်စုများ အပါအဝင် အသေးစားငါးဖမ်းလုပ်ငန်းအသိုက်အဝန်းများနှင့် တစ်ဦးချင်းဆိုင်ရာ ပိုင်ဆိုင်ခွင့်နှင့် အသုံးပြုခွင့်ဆိုင်ရာ အငြင်းပွားမှုများကို ဘက်လိုက်မှု ကင်းစွာဖြင့် အချိန်နှင့်တပြေးညီ ဥပဒေနှင့်အညီ ကိုင်တွယ် ဖြေရှင်းပေးရမည်။ ၎င်းအပြင် အယူခံခွင့်နှင့် အခြားနည်းလမ်းများဖြင့် ပြဿနာ ဖြေရှင်းခွင့်များကိုလည်း ခွင့်ပြုပေးရမည်။ ထို့အပြင် ထိခိုက်နစ်နာသူများအတွက် ထိုက်သင့် သောထောက်ပံ့ငွေ၊ နစ်နာကြေးနှင့် လျော်ကြေးများ ပံ့ပိုးပေးရမည်။

၅.၁၂ နိုင်ငံတော်အနေဖြင့် ငါးဖမ်းလုပ်ငန်းဆိုင်ရာ အရင်းအမြစ်များကို ရေရှည်တည်တံ့ ခိုင်မြဲစေရန် အတွက် စဉ်းစားပြီး သဘာဝဘေးအန္တရာယ်များ (သို့) လက်နက်ကိုင် ပဋိပက္ခများကြောင့် ရွှေ့ပြောင်းပေးခဲ့ရသော အသေးစားငါးဖမ်းလုပ်ငန်းများ၏ ယခင်ဖမ်းဆီးခဲ့သည့် ငါးဖမ်းလုပ်ကွက်များနှင့် ကမ်းရိုးတန်းဒေသများကိုလည်း ပြန်လည်အသုံးပြုနိုင်ရန် ကြိုးပမ်းအားထုတ်ပေးရန် လိုအပ်သည်။ ထို့အတူ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုကြောင့် ထိခိုက်ခံစားရသော ငါးဖမ်းလုပ်ငန်း အသိုက်အဝန်းများကိုလည်း ၎င်းတို့၏ဘဝများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရာတွင် ထောက်ပံ့ကူညီနိုင်ရန် လုပ်ငန်းစဉ်များ ထူထောင်ပေးသင့်ပေသည်။ ထိုသို့သော သဘာဝဘေးအန္တရာယ် (သို့) လက်နက်ကိုင် ပဋိပက္ခတို့ကြောင့် ပြန်လည်ထူထောင်ပေးသည့် လုပ်ငန်းစဉ်အဆင့်များတွင် ပိုင်ဆိုင်မှု ရေးရာကိစ္စရပ်များ၌ အမျိုးသမီးများကို နှိမ်ချခွဲခြားဆက်ဆံခြင်းများ မဖြစ်ပေါ်စေဘဲ ဆောင်ရွက်သင့်သည်။

## ၅.ခ. ရေရှည်တည်တံ့ခိုင်မြဲမည့် အရင်းအမြစ်စီမံခန့်ခွဲမှု

၅.၁၃ နိုင်ငံတော်နှင့်ငါးလုပ်ငန်းစီမံခန့်ခွဲရေးတွင် ပါဝင်သက်ဆိုင်သူများသည် ငါးသယံဇာတ အရင်းအမြစ်များ ရေရှည်တည်တံ့ရေး၊ စဉ်ဆက်မပြတ် အသုံးပြုနိုင်ရေး၊ အစားအစာ ထုတ်လုပ်နိုင်ရေးတို့အတွက် လိုအပ်သော သဘာဝဂေဟစနစ်အုတ်မြစ်ကို ခိုင်မာစွာ ချထားပေးရမည်။ အသေးစားငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူများ၏ လိုအပ်ချက် အခွင့်အလမ်းများနှင့်အညီ သတ်မှတ်ထားသည့် စံသတ်မှတ်ချက်များအပါအဝင် အမျိုးသားအဆင့်၊ နိုင်ငံတကာအဆင့် ဥပဒေများအရ ဖော်ဆောင်ထားပြီး လက်ရှိချမှတ်ထားသည့် သင့်လျော်သော စီမံခန့်ခွဲရေးဆိုင်ရာ စနစ်များကို မြှင့်တင် အကောင်အထည်ဖော်သင့်သည်။

၅.၁၄ သက်ဆိုင်သူအားလုံးသည် အခွင့်အရေးနှင့် တာဝန်ဝတ္တရားများ ယှဉ်တွဲလျက်ရှိသည်ကို အသိအမှတ် ပြုရမည်။ ပိုင်ဆိုင်ခွင့်နှင့် အသုံးပြုခွင့်များသည် ထိန်းသိမ်းခြင်း၊ စဉ်ဆက်မပြတ်အသုံးပြုခြင်း၊ စားနပ်ရိက္ခာထုတ်လုပ်ရန် ဂေဟမျှခြေကို ထိန်းညှိခြင်းဆိုင်ရာ တာဝန်များနှင့် ယှဉ်တွဲတည်ရှိရမည်။ အသေးစားငါးဖမ်းလုပ်ငန်းတွင် အသုံးပြုသော ငါးဖမ်းနည်းများသည် ရေသတ္တဝါ၊ ဆက်စပ်မျိုးစိတ်များနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှုအနည်းဆုံး ဖြစ်ရမည်။

၅.၁၅ နိုင်ငံတော်အနေဖြင့် အသေးစားငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူများ၏ တရားဥပဒေနှင့်အညီ ရသင့်သည့်အခွင့်ရေးများ၊ တာဝန်များ၊ စီမံခန့်ခွဲမှုနည်းလမ်းများကို စဉ်းစားလျှက် ၎င်းတို့ မှီတည်ရာနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းအတွက် အားထားရာဖြစ်သော အရင်းအမြစ်များ စီမံခန့်ခွဲရေးလုပ်ငန်းများတွင် ပညာပေးခြင်း၊ အထောက်အပံ့ပေးခြင်းများ ဆောင်ရွက်ပေးရမည်။ ၎င်းတို့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ထိခိုက်စေနိုင်သော ငါးမဖမ်းရနေရာများ သတ်မှတ်ခြင်း၊ အစီအစဉ်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း လုပ်ငန်းစဉ်များတွင် အထူးသဖြင့် အမျိုးသမီးများ၊ ထိခိုက်လွယ်သူများ၊ ဖယ်ကျဉ်ထားသူများ၏ အဆင့်တိုင်းတွင် ပူပေါင်းပါဝင်မှုကို နိုင်ငံတော်အနေဖြင့် ရယူရမည်။ ပူးတွဲစီမံခန့်ခွဲမှုကဲ့သို့သော ပါဝင်ဆောင်ရွက်မှုဆိုင်ရာစီမံခန့်ခွဲရေးစနစ်များကို နိုင်ငံတော် ၏ တရားဥပဒေနှင့်အညီ ရေးဆွဲမြှင့်တင်သင့်သည်။

၅.၁၆ နိုင်ငံတော်အနေဖြင့် အသေးစား ငါးဖမ်းလုပ်ငန်းများနှင့် သင့်တော်သော စောင့်ကြည့်လေ့လာအရေးယူခြင်းစနစ်များ ပေါ်ပေါက်လာရန် ဆောင်ရွက်ရမည်။ အသေးစား ငါးဖမ်းလုပ်ငန်းများ လုပ်ဆောင်သူများ ပူပေါင်းပါဝင်နိုင်မည့် ပူးတွဲစီမံခန့်ခွဲသည့် စနစ်များကို နိုင်ငံတော်အနေဖြင့် ပံ့ပိုးပေးရမည်။ နိုင်ငံတော်အနေဖြင့် တရားမဝင်ငါးဖမ်းဆီးသည့် နည်းလမ်းအားလုံးကိုဟန့်တား၊ ကာကွယ်၊ ရပ်ဆိုင်းအောင် လုပ်ဆောင်နိုင်မည့် ထိရောက်သောစောင့်ကြည့် လေ့လာစနစ်နှင့် အရေးယူအပြစ်ပေးစနစ်ကို ဖော်ဆောင်ရမည်။ နိုင်ငံတော်အနေဖြင့် ငါးဖမ်းလုပ်ငန်းများ စနစ်တကျမှတ်ပုံတင်သည့်စနစ်ကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရမည်။ အသေးစားငါးဖမ်းလုပ်ငန်းများအနေဖြင့် ငါးလုပ်ငန်းဦးစီးဌာနနှင့်ပူးပေါင်း၍ စောင့်ကြည့်လေ့လာအရေးယူခြင်း လုပ်ငန်းများအတွက် လိုအပ်သည့် သတင်းအချက်အလက်များ မျှဝေရမည်။

၅.၁၇ နိုင်ငံတော်အနေဖြင့် ပူးတွဲစီမံခန့်ခွဲမှုတွင် ပါဝင်ပတ်သက်သူများအားလုံး၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများကို ၎င်းတို့၏ ပူပေါင်းမှုနှင့် တည်ဆဲဥပဒေများနှင့်အညီ ရှင်းလင်းပြတ်သားအောင် လုပ်ဆောင်ခြင်းနှင့် သဘောတူညီချက်များရရှိရန် ဆောင်ရွက်ရမည်။ မိမိတို့သဘောတူထားသည့် အချက်များကိုလည်း လိုက်နာရမည်။ အသေးစား ငါးဖမ်းလုပ်ငန်းများသည် ဒေသအဆင့်၊ နိုင်ငံတော်အဆင့် အဖွဲ့အစည်းများ၊ ငါးလုပ်ငန်းအဖွဲ့များတွင် ကိုယ်စားပြုပြီး မူဝါဒဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် ဘက်ပေါင်းစုံမှ ပူညီပံ့ပိုးပေးရမည်။

၅.၁၈ နိုင်ငံတော်နှင့် အသေးစားငါးဖမ်းလုပ်ငန်းအဖွဲ့များသည် ပူတွဲစီမံခန့်ခွဲခြင်းနှင့် တာဝန်သိစိတ်ဖြင့် ဆောင်ရွက်သော ငါးဖမ်းလုပ်ငန်းကျင့်စဉ်များရှိ ငါးမဖမ်းမီ၊ ငါးဖမ်းဆီးစဉ်နှင့် ငါးဖမ်းပြီးနောက်ဆက်တွဲလုပ်ငန်းစဉ်များတွင် အမျိုးသားနှင့် အမျိုးသမီးများအခန်းကဏ္ဍ၊ ၎င်းတို့၏ အသိအမြင်ဗဟုသုတ၊ ထင်မြင်ယူဆချက်များနှင့် လိုအပ်ချက်များကို အားပေးကူညီ ပံ့ပိုးပေးရမည်။ အထူးသဖြင့် အမျိုးသမီးများ ပူပေါင်းပါဝင်မှု တိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်ရမည်။

၅.၁၉ နိုင်ငံတကာနယ်နိမိတ်ထိစပ်မှုများနှင့် အလားတူကိစ္စရပ်များတွင် (ဥပမာ - ရေသယံဇာတနှင့် ငါးသယံဇာတများ အတူခွဲဝေတည်ရှိခြင်း) အသေးစားငါးဖမ်းလုပ်ငန်းများ၏ ပိုင်ဆိုင်ခွင့်၊ အသုံးချခွင့်များကို ကာကွယ်ပေးရမည်။

၅.၂၀ ငါးအလွန်အကျွံဖမ်းဆီးမှုများသည် အသေးစားငါးဖမ်းလုပ်ငန်းများအပေါ် ထိခိုက်မှု ရှိနိုင်သောကြောင့် နိုင်ငံတော်အနေဖြင့် ငါးအလွန်အကျွံဖမ်းဆီးမှုကို ကာကွယ်နိုင်မည့် မူဝါဒများ၊ ငွေကြေးထောက်ပံ့မှုများကို ဆောင်ရွက်ရမည်။

## ၆. လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၊ အလုပ်ခန့်အပ်ခြင်းနှင့် သင့်လျော်မှုတသည့် အလုပ်တာဝန်

၆.၁ ပါဝင်သက်ဆိုင်သူအားလုံးသည် မတူကွဲပြားသော အသက်မွေးဝမ်းကျောင်းများကို နားလည်လျက် အသေးစားငါးဖမ်းလုပ်ငန်းများ စီမံခန့်ခွဲမှုနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဘက်ပေါင်းစုံ ဂေဟစနစ်အပြင် ချိတ်ဆက်ချဉ်းကပ်မှုများဖြင့် ဆောင်ရွက်ရမည်။ အသေးစားငါးဖမ်းလုပ်ငန်းများအား ပိုမိုလုပ်ကိုင်ခွင့်ပေးခြင်း၊ လူ့အခွင့်အရေးများကို အပြည့်အဝပေးခြင်းဖြင့် ၎င်းတို့၏ လူမှုစီးပွား တိုးတက်မှုကို ဆောင်ရွက်နိုင်သည်။

၆.၂ နိုင်ငံတော်အနေဖြင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေး၊ ပညာရေး၊ စာတတ်မြောက်ရေး၊ ဒီဂျစ်တယ် နည်းပညာနှင့် ငါးသယံဇာတ တိုးပွားနိုင်စေသော အခြားဆက်စပ်နည်းပညာနှင့် ကျွမ်းကျင်မှုများ၊ အမြင်ဖွင့်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရမည်။ အသေးစား ငါးဖမ်းလုပ်ငန်း အစုအဖွဲ့များအတွက် အခြေခံလိုအပ်ချက်များဖြစ်သော ကျန်းမာရေး၊ ပညာရေး၊ စာတတ်မြောက်ရေး၊ နေထိုင်ရန်အိမ်၊ ရေနှင့်သန့်ရှင်းရေး၊ သောက်သုံးရေ၊ စွမ်းအင်နှင့်လျှပ်စစ်များကို သင့်တင့်တတ်နိုင်သောစရိတ်နှင့် လက်လှမ်းမီစေရန် နိုင်ငံတော်အနေဖြင့် နိုင်ငံအဆင့် (သို့) ဒေသန္တရအဆင့် အစီအစဉ်များဖြင့် ဆောင်ရွက်ပေးရမည်။ ၎င်းဝန်ဆောင်မှုများအား အမျိုးသမီးများ မူရင်းဌာနေတိုင်းရင်းသားမျိုးနွယ်စုများ၊ ထိခိုက်လွယ်အုပ်စုများနှင့် ချန်လုပ်ထားခံရသူများအား ခွဲခြားဆက်ဆံမှုမရှိဘဲ လူ့အခွင့်အရေး အပြည့်အဝပေးရန် ဦးစားပေး ဆောင်ရွက်ပေးရမည်။

၆.၃ နိုင်ငံတော်အနေဖြင့် အသေးစားငါးဖမ်းလုပ်ငန်းများအား လူမှုရေးအကာအကွယ်ပေးမှု အစီအစဉ်များ ပံ့ပိုးပေးရမည်။ ၎င်းအဓိကအခန်းများသည် အသေးစားငါးဖမ်းလုပ်ငန်းများနှင့် လျော်ကန်၍ ၎င်းတို့၏ လုပ်ငန်း စ၊ လယ်၊ ဆုံး အကြုံးဝင်ရမည်။

၆.၄ နိုင်ငံတော်မှ အသေးစားငါးဖမ်းလုပ်ငန်း အသိုက်အဝန်းများအတွက် သင့်လျော်သော အခြားဝန်ဆောင်မှုလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် အထောက်အပံ့ပေးသင့်သည်။ ဥပမာအားဖြင့် ငွေစုစနစ်၊ ငွေကြေးချေးငှားခြင်းနှင့် အာမခံအစီအစဉ်များဖြစ်ပြီး အထူးသဖြင့် အမျိုးသမီးများအနေဖြင့် ထိုဝန်ဆောင်မှုများကို လက်လှမ်းမီစေရန် အထူးဂရုပြုလုပ်ဆောင်ပေးသင့် သည်။

၆.၅ နိုင်ငံတော်အနေဖြင့် အသေးစားငါးဖမ်းလုပ်ငန်းစဉ် တစ်လျှောက်လုံး (ငါးမဖမ်းမီ၊ ငါးဖမ်းဆီးစဉ်၊ ငါးဖမ်းပြီးနောက် လုပ်ငန်းများ၊ အမျိုးသား (သို့) အမျိုးသမီးမှ ဆောင်ရွက်သည့်လုပ်ငန်းများ၊ ရေတွင် ဖြစ်စေ၊ ကုန်းပေါ်တွင်ဖြစ်စေ ဆောင်ရွက်သောလုပ်ငန်းများ၊ အချိန်ပိုင်းဖြစ်စေ၊ ရာသီအလိုက်ဖြစ်စေ မိမိစားသုံးရန်ဖြစ်စေ ဆောင်ရွက်သောလုပ်ငန်းများကို စီးပွားရေးနှင့် ကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်း ဖြစ်ကြောင်း) အသိအမှတ်ပြုရမည်။ ၎င်းတို့အတွက် ကျွမ်းကျင်မှုပိုင်းနှင့် အဖွဲ့အစည်းပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများ (အထူးသဖြင့် ထိခိုက်လွယ်အုပ်စုများ၊ ဖမ်းဆီးချိန်လွန် လုပ်ငန်းဆောင်ရွက်သူများနှင့် အမျိုးသမီးများအတွက်) မြှင့်တင်ပေးရမည်။

၆.၆ နိုင်ငံတော်အနေဖြင့် အသေးစားငါးဖမ်းလုပ်ငန်းရှိ လုပ်သားများအတွက် သင့်တင့်သော အလုပ် အကိုင်ကို (အသိအမှတ်ပြုနှင့် အသိအမှတ်ပြုခြင်းမခံရသော ကဏ္ဍမျိုးစုံ) ဖန်တီးပေးရမည်။ နိုင်ငံ တော် အနေဖြင့် အသေးစားငါးဖမ်းလုပ်ငန်းရှိ လုပ်ငန်းစဉ်များကို (အသိအမှတ်ပြုနှင့် အသိအမှတ် မပြုခြင်းကဏ္ဍမျိုးစုံ) ရေရှည်တည်တံ့စေရန် မျှော်မှန်း၍ လိုအပ်သော အခွင့်အလမ်းများကို တည်ဆဲ ဥပဒေဘောင်အတွင်းမှ ဖော်ထုတ်ပေးရမည်။

၆.၇ နိုင်ငံတော်အနေဖြင့် အသေးစားငါးဖမ်းလုပ်ငန်းရှိ ငါးဖမ်းသမားများနှင့် ငါးဖမ်းလုပ်သားများ အတွက် လုံခြုံသောလူနေမှုဘဝကို ပိုင်ဆိုင်နိုင်စေရန်အတွက် နိုင်ငံတော်နှင့် နိုင်ငံတကာ လူ့အခွင့် အရေးစံနှုန်းများကို အသုံးပြု၍ အရောက်လှမ်း ဆောင်ရွက်ပေးရမည်။ နိုင်ငံတော်အနေဖြင့် အသေး စားငါးဖမ်းလုပ်ငန်းများအတွက် ရေရှည်တည်တံ့သော ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးရမည်။ နိုင်ငံတော်အနေဖြင့် အလုံးစုံလွှမ်းခြုံသော၊ ခွဲခြားမှုကင်းသော၊ စီးပွားရေးအရ သေချာသော မူဝါဒများ ချမှတ်၍ ပင်လယ်ပြင်၊ ရေချိုနှင့် ကုန်မြေတို့အား အသေးစားငါးဖမ်းလုပ်ငန်းများနှင့် စားနပ်ရိက္ခာ ထုတ်လုပ်သူများကို အသုံးပြုစေခြင်းဖြင့် (အထူးသဖြင့် အမျိုးသမီးများ) ၎င်းတို့၏ လုပ်အား၊ ရင်းနှီး မြှုပ်နှံမှုနှင့် စီမံခန့်ခွဲမှုတို့မှ မျှတသော ဝင်ငွေရရှိစေပြီး သဘာဝသယံဇာတ အရင်းအမြစ်များကို ထိန်းသိမ်းခြင်းနှင့် ရေရှည်တည်တံ့သော စီမံခြင်းများ ဆောင်ရွက်ပေးရမည်။

၆.၈ နိုင်ငံတော်အနေနှင့် အခြားဆက်စပ်သက်ဆိုင်သူများအနေဖြင့် အသေးစား ရေလုပ်ငန်း အစု အဖွဲ့များအတွက် ရေရှည်တည်တံ့သော ငါးသယံဇာတ အသုံးပြုနိုင်ရန်နှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းခွဲများ ရရှိပိုင်ဆိုင်စေရန် လက်ရှိလုပ်ငန်းများအား ပံ့ပိုးခြင်း၊ အခြားအသက်မွေးဝမ်းကျောင်းနှင့် ထပ်ပိုးအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ (ငါးလုပ်ငန်းပြင်ပ) ဖော်ထုတ်ခြင်းများဖြင့် ဝင်ငွေအခွင့် အလမ်းများ ဖော်ထုတ်ပေးရမည်။ ပြည်တွင်းစီးပွားရေးတွင် အသေးစားငါးဖမ်းလုပ်ငန်း၏ အခန်းကဏ္ဍ နှင့် ပိုမိုကျယ်ပြန့်သော စီးပွားရေး ဆိုင်ရာကဏ္ဍခွဲတစ်ခုအနေဖြင့် ချိတ်ဆက်မှုကို အသိအမှတ်ပြု နေရာပေးပြီး အကျိုးအမြတ်ထွက်ပေါ် လာစေရန် လိုအပ်သည်။ အသေးစားငါးဖမ်းလုပ်ငန်းသည် လည်း ဒေသအခြေပြု ခရီးသွားလာရေး လုပ်ငန်းနှင့် အသေးစားရေပေါ်ရေအောက် လေ့လာရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုမှ တန်းတူ အကျိုးကျေးဇူးများ ရရှိသင့်သည်။

၆.၉ ဤကဏ္ဍတွင်း ပါဝင်သက်ဆိုင်သူများအားလုံးသည် အသေးစားငါးလုပ်ငန်း အသိုက်အဝန်းမှ ယောကျ်ား၊ မိန်းမ အားလုံးအတွက် ငါးလုပ်ငန်းဆိုင်ရာ လုပ်ငန်းခွင်များအတွင်း ရာဇဝတ်မှု၊ အကြမ်းဖက်မှု၊ ကြိုတင်ကြံစည်ပြုလုပ်သော ရာဇဝတ်မှုများ၊ ခြိမ်းခြောက်မှု၊ ခိုးမှု၊ လိင်ပိုင်းဆိုင်ရာ စော်ကားမှု၊ အဂတိလိုက်စားခြင်းနှင့် မလျော်ဩဇာသုံးသည့် ကိစ္စရပ်များ စသည်တို့နှင့် ကင်းဝေးသော လူမှုပတ်ဝန်းကျင်တစ်ခုဖြစ်စေရန် ဖန်တီးပေးရမည်။ တာဝန်ရှိသူအားလုံးသည် အသေးစားရေလုပ်ငန်းခွင်အတွင်းရှိ ထိုသို့သော အကြမ်းဖက်မှုများ ပပျောက်စေရန်နှင့် အမျိုးသမီးများကို အကာအကွယ်ပေးနိုင်ရန်အတွက် တဆင့်ပြီးတဆင့် ပြဋ္ဌာန်းသတ်မှတ်သွားသင့်ပေသည်။ နိုင်ငံတော်အနေဖြင့် အိမ်ထောင်စုတွင်း (သို့) ရပ်ရွာလူထုအတွင်း အကြမ်းဖက်မှုနှင့် နှိပ်စက်စော်ကားမှုများ ခံစားရသည့် ဒုက္ခသည်များအတွက် တရားဥပဒေ လက်လှမ်းမှီနိုင်စေရန် ပြုလုပ်ကြိုးပမ်းသင့်သည်။

၆.၁၀ ရှေးရိုးအစဉ်အလာ၊ ဓလေ့ထုံးတမ်းအရ ဩဇာအာဏာရှိသူများ အပါအဝင် နိုင်ငံတော်နှင့် အသေးစားငါးဖမ်းလုပ်ငန်းမှ သက်ဆိုင်သူများအားလုံးသည် ရွှေ့ပြောင်းတံငါသည်များနှင့် ငါးလုပ်ငန်း ရွှေ့ပြောင်းလုပ်သားများ၏ အခန်းကဏ္ဍကိုလည်း လက်ခံအသိအမှတ်ပြုသင့်ပြီး ထိုကဲ့သို့ ရွှေ့ပြောင်းလုပ်ကိုင်ရခြင်းသည်လည်း အသေးစားငါးလုပ်ငန်းများတွင် ပုံမှန်ဖြစ်လေ့ရှိသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ကိုင်မှု ဗျူဟာတရပ်ပင်ဖြစ်သောကြောင့် ဖြစ်သည်။ ငါးလုပ်ငန်း အရင်းအမြစ်များကို ရေရှည်တည်တံ့စေရန်အတွက် သင့်တင့်မျှတပြီး လုံလောက် ကောင်းမွန်စွာအသုံးပြု၍ ဒေသဆိုင်ရာ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအုပ်ချုပ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို မထိခိုက်စေရန် ကြိုးစား ဆောင်ရွက်သည့် ရွှေ့ပြောင်းလုပ်သားများအတွက်လည်း နိုင်ငံတော်နှင့် သက်ဆိုင်ရာများမှ နိုင်ငံတော်၏ တရားဥပဒေနှင့်အညီ သင့်လျော်သည့် သတ်မှတ်ချက်မူဘောင်များ ချမှတ်ပေးရမည်။ နိုင်ငံနယ်နိမိတ်စည်းများပေါ်၌ လုပ်ကိုင်ရာဖွေကြသည့် အသေးစားငါးဖမ်းလုပ်ငန်း ရွှေ့ပြောင်းလုပ်သားများ၊ တံငါသည်များအတွက် သက်ဆိုင်ရာ နိုင်ငံအစိုးရများနှင့်အတူ ညှိနှိုင်းဆောင်ရွက်မှုသည်လည်း အရေးကြီးသည်ကို အသိအမှတ်ပြုလက်ခံရပေမည်။ ထိုသို့သော ကိစ္စရပ်များတွင် မူဝါဒရေးရာနှင့် စီမံခန့်ခွဲရေးဆိုင်ရာများအတွက် အသေးစားငါးဖမ်းလုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းများ၊ အသင်းအပင်းများနှင့် ဆွေးနွေးညှိနှိုင်း၍ ဆုံးဖြတ်သင့်သည်။

၆.၁၁ နိုင်ငံတော်သည် ငါးဖမ်းသူများ နိုင်ငံဖြတ်ကျော်ဖမ်းဆီးခြင်းကြောင့် ဖြစ်ပွားနိုင်သည့်နောက်ခံ အကြောင်းရင်းများနှင့် အကျိုးဆက်များကို သိရှိထားရမည်ဖြစ်ပြီး ထိုသို့သောကိစ္စရပ်များမှ အသေးစားငါးဖမ်းလုပ်ငန်းများ၏ ရေရှည်တည်တံ့ခိုင်မြဲရေးကို ထိခိုက်သက်ရောက်စေမည့် အချက်များကိုလည်း နားလည်သဘောပေါက်ထားရမည်။

၆.၁၂ နိုင်ငံတော်သည် အသေးစားငါးဖမ်းသူများနှင့် ငါးလုပ်ငန်းလုပ်သားများ၏ လုပ်ငန်းခွင်ဆိုင်ရာ ကျန်းမာရေးကိစ္စရပ်များ၊ ကောင်းမွန်မျှတမှုမရှိသည့် လုပ်ငန်းခွင်အနေအထားများကို ဆောင်ရွက်ပေးနိုင်ပြီး လိုအပ်သည့် တရားစီရင်ရေးများ ကောင်းစွာလည်ပတ်နေစေရန်အတွက် နိုင်ငံတော်မှ သဘောတူလက်မှတ်ရေးထိုးပါဝင်ထားသည့် "နိုင်ငံတကာ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု

ဓလေ့ထုံးတမ်းများဆိုင်ရာ အခွင့်အရေး သဘောတူညီချက်” (ICESCR)၊ နိုင်ငံတကာ အလုပ်သမား အဖွဲ့အစည်းမှ သက်ဆိုင်ရာ သဘောတူညီချက်များကဲ့သို့သော သတ်မှတ်ချက်များမှ အမျိုးသား အဆင့် တရားစီရင်ရေးနှင့် နိုင်ငံတကာ လူ့အခွင့်အရေးစံနှုန်းများ၊ သတ်မှတ်ချက်များနှင့် အညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်လိုအပ်သည်။ အခြားသက်ဆိုင်သူအားလုံးသည်လည်း လုပ်ငန်းခွင်ဆိုင်ရာ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးသည် ငါးလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲရေးနှင့် ဖွံ့ဖြိုး တိုးတက်ရေးရှေးဦးဆောင်ရွက်မှုများ၏ တစိတ်တပိုင်းအနေဖြင့် ကြိုးပမ်းဆောင်ရွက်ရန် လိုသည်။

၆.၁၃ နိုင်ငံတော်သည် အသေးစားငါးဖမ်းလုပ်ငန်းများ၊ ငါးဖမ်းလုပ်သားများနှင့် ငါးလုပ်ငန်း ရွှေ့ပြောင်း လုပ်သားများအား လုပ်ငန်းခွင်တွင် အတင်းအကြပ်ခိုင်းစေခြင်းနှင့် အမျိုးသား၊ အမျိုးသမီးနှင့် ကလေး ငယ်များ ကြွေးနှံနှစ်ခြင်းတို့မှ ကာကွယ်၍ ၎င်းဖြစ်စဉ်များ လုံးဝဥဿုံ ကင်းစင်ရန် ဆောင်ရွက်ရမည်။

၆.၁၄ နိုင်ငံတော်သည် အသေးစားငါးဖမ်းလုပ်ငန်း အသိုက်အဝန်းမှလိုအပ်ချက်များနှင့် ကိုက်ညီသော၊ ယောကျ်ားလေး၊ မိန်းကလေးများ၊ အမျိုးသား၊ အမျိုးသမီးငယ်များ အတွက်လည်း သက်ဆိုင်ရာ ဘဝ ရည်မှန်းချက်ကို ရွေးချယ်နိုင်ပြီး လူငယ်များကိုမှန်ကန် ကောင်းမွန်သည့် လုပ်ငန်းများဖန်တီးပေးနိုင် ကာ မှန်ကန်ကောင်းမွန်သည့် ဘဝရည်မှန်းချက်နှင့် အခွင့်အလမ်းများကို တည်ဆောက်ပေးနိုင်မည့် စာသင်ကျောင်းများ၊ ပညာရေးလက်လှမ်းမှီစေရန် စီမံဆောင်ရွက်ပေးမှုများ လုပ်ဆောင်သင့်သည်။

၆.၁၅ အသေးစားငါးဖမ်းလုပ်ငန်းမှ သက်ဆိုင်ရာပုဂ္ဂိုလ်များသည် ကလေးသူငယ်များ၏ အနာဂတ်နှင့် လူမှုပတ်ဝန်းကျင်တစ်ခုလုံးအတွက်ပါ အရေးကြီးသည့် ကလေးသူငယ်များ၏ ဘဝရှင်သန်ရေးနှင့် ပညာရေးကဏ္ဍများကို အသိအမှတ်ပြုလုပ်ဆောင်ရန် လိုအပ်သည်။ ကလေးသူငယ်များသည် စာသင်ကျောင်းတွင် ရှိရမည်ဖြစ်ပြီး ညှင်းပန်းနှိပ်စက်မှုများနှင့် ၎င်းတို့၏ အခွင့်အရေးများကို “ကလေး သူငယ်များအခွင့်အရေးဆိုင်ရာ သဘောတူညီချက်”တွင် ပါဝင်သော အချက်များနှင့်အညီ ကာကွယ် စောင့်ရှောက်ပေးရန် လိုအပ်သည်။

၆.၁၆ သက်ဆိုင်သူများအားလုံးသည် ဘေးကင်းလုံခြုံမှုဆိုင်ရာ အစီအမံများ၏ အားနည်းချက်ကြောင့် ပင်လယ်ပြင် ဘေးကင်းလုံခြုံမှုသည် ပိုမိုနက်နဲ ရှုပ်ထွေးစေကြောင်း အသိအမှတ်ပြုရမည်။ ဤ ဘေးကင်းလုံခြုံမှုသည် ငါးဖမ်းလုပ်ငန်းစဉ်တလျှောက်လုံးနှင့် သက်ဆိုင်သည်။ နိုင်ငံတော်အနေဖြင့် အမျိုးသားအဆင့် ဥပဒေများ ပြုစုပြင်ဆင်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းလုပ်ငန်းများကို နိုင်ငံ တကာလမ်းညွှန်ချက်များဖြစ်သော PAO, ILO နှင့် IMO တို့၏ အသေးစားငါးဖမ်းလုပ်ငန်းများ ငါးဖမ်းခြင်းနှင့် ပင်လယ်ပြင်ဘေးကင်းလုံခြုံစေခြင်းတို့အရ ဆောင်ရွက်ရမည်။[3]

[3] ဤအချက်များသည် ၁၉၆၈ခုနှစ် “ငါးဖမ်းလုပ်သားများနှင့် ငါးဖမ်းသင်္ဘောများ လိုက်နာရမည့် ဘေးကင်းလုံခြုံမှုဆိုင်ရာ စံသတ်မှတ်ချက်များ”၊ ၁၉၈၀ FAO/ILO/IMO တို့၏ “အသေးစားငါးဖမ်းသင်္ဘောများ ဒီဇိုင်းရေးဆွဲခြင်း၊ တည်ဆောက်ခြင်းနှင့်

၆.၁၇ နိုင်ငံတော်သည် အသေးစားရေလုပ်ငန်းများရှိ လုပ်ငန်းခွင်ဆိုင်ရာကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးအပါအဝင် ပင်လယ်ပြင်တွင်းဘေးကင်းလုံခြုံရေးအတွက် (ကုန်းတွင်း၊ ပင်လယ်) အကောင်းဆုံး ဆောင်ရွက်ရန်မှာ အမျိုးသားအဆင့် နည်းဗျူဟာများကို အတူတကွ ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်ပြီး ငါးဖမ်းလုပ်သားများ၏ တက်ကြွစွာပါဝင်မှုများ၊ ဒေသဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ပါဝင်မှုများဖြင့် သင့်လျော်သလို ဖော်ဆောင်သွားရန်ဖြစ်သည်။ ထို့အပြင် ထို ပင်လယ်ပြင်တွင်း ဘေးကင်းလုံခြုံရေးကိစ္စရပ်များမှာ ငါးလုပ်ငန်း၏ အထွေထွေ စီမံခန့်ခွဲမှုအောက်တွင် အတူတကွပူးပေါင်း ဆောင်ရွက်ရမည့် ကိစ္စလည်းဖြစ်သည်။ နိုင်ငံတော်အနေဖြင့် အခြားသော ကိစ္စရပ်များထက်မတော်တဆထိခိုက်မှု သတင်းပို့ခြင်း၊ ပင်လယ်ပြင်တွင်း ဘေးကင်းလုံခြုံရေးအတွက် အသိပညာပေးမြှင့်တင်မှု အစီအစဉ်များပေးခြင်းနှင့် အသေးစားရေလုပ်ငန်းများတွင် ပင်လယ်ပြင်တွင်း ဘေးကင်းလုံခြုံရေးအတွက် သင့်လျော်သည့် ဥပဒေများပြဋ္ဌာန်းသတ်မှတ်ခြင်း အစရှိသည်တို့ကို အထောက်အကူပြု ဖော်ဆောင်သင့်သည်။ လေးစားလိုက်နာမှု အားကောင်းလာစေခြင်း၊ သတင်းအချက်အလက်စုဆောင်းခြင်း၊ လေ့ကျင့်သင်တန်းပေးခြင်းနှင့် အသိပညာပေးခြင်း၊ ရှာဖွေ ကယ်ဆယ်ရေးလုပ်ငန်းများအစရှိသည့် လက်ရှိအဖွဲ့အစည်းများနှင့် ရပ်ရွာအခြေပြု အဖွဲ့အစည်းများ၏ အခန်းကဏ္ဍမှာ ဤအပိုင်းတွင် ပါဝင်မည် ဖြစ်သည်။ နိုင်ငံတော်မှ သတင်းအချက်အလက် ရယူနိုင်မှုနှင့် ပင်လယ်ပြင်ကယ်ဆယ်ရေးတွင် အသေးစား ကယ်ဆယ်ရေးသင်္ဘောငယ်များအတွက် အရေးပေါ်နေရာပြ စနစ်များထားရှိရန် မြှင့်တင်ဆောင်ရွက်သင့်ပေသည်။

၆.၁၈ အမျိုးသားအဆင့် စားနပ်ရိက္ခာဖူလုံရေး၏ အခန်းနံပါတ် (၂၅)[4] တွင်ပါရှိသည့် မြေယာပိုင်ဆိုင်ခွင့်၊ ငါးလုပ်ငန်း၊ သစ်တောလုပ်ငန်းနှင့်စပ်လျဉ်းသော အုပ်ချုပ်ရေးဆိုင်ရာတာဝန်များအတွက် လိုက်နာလုပ်ဆောင်သင့်သည့် အသိပေးလမ်းညွှန်ချက်များအရ သက်ဆိုင်သူပုဂ္ဂိုလ်အားလုံးသည် အသေးစားငါးဖမ်းလုပ်ငန်းတွင်းရှိ လက်နက်ကိုင်ပဋိပက္ခဖြစ်နေသည့်အနေအထားတွင် အကျိုးဆိုင်သူအားလုံး၏ လူ့အခွင့်အရေးနှင့် ဂုဏ်သိက္ခာတို့ကို နိုင်ငံတကာလူသားချင်းစာနာထောက်ထားသည့် ဥပဒေအရ ၎င်းတို့၏ ရိုးရာအသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လုပ်ကိုင်ရန်၊ ထုံးတမ်းစဉ်လာအရ ဖမ်းဆီးလုပ်ကိုင်နေသည့် ငါးလုပ်ငန်းလုပ်ကိုင်သည့်နေရာများကို အသုံးပြုနိုင်ရန်နှင့် ၎င်းတို့၏ဘဝ၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းရန်အတွက် ကာကွယ်စောင့်ရှောက်မှုပေးသင့်ပေသည်။ ၎င်းတို့ကို ထိခိုက်သက်ရောက်စေမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်ချမှတ်ဆောင်ရွက်မှုများတွင် ၎င်းတို့၏ ထိရောက်စွာပါဝင်လုပ်ဆောင်မှုများကို အသိအမှတ်ပြု လက်ခံသင့်ပေသည်။

---

တပ်ဆင်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များ”နှင့် ၂၀၁၀၊ “၁၂ မီတာအရှည်ထက်တိုသော ကုန်းပတ်ပါငါးဖမ်းသင်္ဘောများနှင့် ကုန်းပတ်မပါသော ငါးဖမ်းသင်္ဘော များအတွက် ဘေးကင်းလုံခြုံရေးဆိုင်ရာ တိုက်တွန်းအကြံပေးချက်များ” စသည်တို့တွင် ပါဝင်သည်။

[4] အခန်း (၂၅) သည် “မြေယာပိုင်ဆိုင်မှု၊ ငါးဖမ်းလုပ်ငန်းနှင့် သစ်တောဆိုင်ရာများအတွက် အပြောင်းအလဲများ၊ ပဋိပက္ခများ” ဆိုင်ရာအခန်းဖြစ်သည်။

## ၇. တန်ဖိုးချင်းချိတ်ဆက်လည်ပတ်မှုများ (Value Chains)၊ ငါးလုပ်ငန်းပြီးနောက်ပိုင်း (Post Harvest) နှင့် ကုန်သွယ်မှု

၇.၁ သက်ဆိုင်သူအားလုံးသည် အသေးစားငါးဖမ်းလုပ်ငန်း၏ ဖမ်းဆီးချိန်လွန် လုပ်ငန်းများနှင့် ၎င်းလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နေသော သူများ၏ အရေးပါမှုကို အသိအမှတ်ပြုရမည်။ သက်ဆိုင်သူအားလုံးသည် ငါးလုပ်ငန်းတန်ဖိုးမြှင့် ကွင်းဆက်တွင် ဖမ်းဆီးချိန်လွန် လုပ်ငန်းများသည် ရံဖန်ရံခါ အရေးမပါသကဲ့သို့ ဖြစ်တတ်သည့်သဘောကို အသိအမှတ်ပြုလျှက် ၎င်းတို့အား အရေးပါသောဆုံးဖြတ်ချက်ချသည့် လုပ်ငန်းများတွင် ပါဝင်စေရမည်။ အထူးသဖြင့် ထိခိုက်လွယ်သူများနှင့် စွမ်းအားမဲ့ အုပ်စုများအတွက် လိုအပ်သောအထူးထောက်ပံ့မှုများ ဆောင်ရွက်ပေးရမည်။

၇.၂ သက်ဆိုင်သူများအားလုံးသည် ငါးဖမ်းချိန်လွန် အခန်းကဏ္ဍရှိ အမျိုးသမီးများ၏ အခန်းကဏ္ဍကိုအသိအမှတ်ပြုလျှက် ၎င်းတို့၏ ပူပေါင်းပါဝင်မှုကို မြှင့်တင်ပေးရမည်။ နိုင်ငံတော်အနေဖြင့် ငါးဖမ်းချိန်လွန် အခန်းကဏ္ဍရှိ အမျိုးသမီးများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးတက်စေရန် သင့်လျော်သော ဝန်ဆောင်မှုများနှင့် အဆင်ပြေသက်သာမှုများအား လိုအပ်သလို ဝန်ဆောင်မှု ပေးရမည်။

၇.၃ နိုင်ငံတော်သည် (အသေးစား) ငါးဖမ်းဆီးပြီးနောက်ကဏ္ဍခွဲအတွင်း အရည်အသွေးနှင့် ဘေးအန္တရာယ်ကင်းရှင်းသော ငါးနှင့် ရေထွက်ပစ္စည်းများအား ပြည်ပပို့ကုန်အဖြစ်သာမက ပြည်တွင်း ထုတ်လုပ်မှုအတွက်ပါ တာဝန်သိသိ၊ ရေရှည်ကြည့်လျက် ထုတ်လုပ်ခြင်းများအတွက် သင့်လျော်သော အခြေခံအဆောက်အအုံများ၊ အဖွဲ့အစည်း ဖွဲ့စည်းတည်ဆောက်ပုံများနှင့် စွမ်းရည်မြှင့်တင်မှုများ အတွင်း ရင်းနှီးမြှုပ်နှံမှုများအား တွန်းအားပေး ထောက်ပံ့မှုများ ရှိစေသင့်သည်။

၇.၄ နိုင်ငံတော်နှင့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများသည် နိုင်ငံတော်ဥပဒေနှင့်အညီ ရေလုပ်သားတို့၏ ဝင်ငွေနှင့် အသက်မွေးမှုအား မြှင့်တင်နိုင်စေရန်အတွက် ငါးဖမ်းသမားများနှင့် ရေလုပ်သားများ၏ မိရိုးဖလာ အဖွဲ့အစည်းများအား အသိအမှတ်ပြုပေးခြင်း၊ ၎င်းတို့၏အဖွဲ့အစည်းနှင့် စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်မှုအား တန်းဘိုးကွင်းဆက်အဆင့်ဆင့်တွင် မြှင့်တင်ပေးခြင်းတို့အား ပြုလုပ်ပေးသင့်သည်။ အလားတူစွာ သမဝါယမများ၊ အသေးစား ရေလုပ်ငန်းကဏ္ဍအတွင်းရှိ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်အဖွဲ့အစည်းများနှင့် အခြားဖွဲ့စည်းပုံများ (ဥပမာ- လေလံစနစ်၊ အရောင်းမြှင့်တင်စနစ်) စသည်တို့ ဖွဲ့စည်းနိုင်စေရန်၊ ဖွံ့ဖြိုးတိုးတက်နိုင်ရန် အထောက်အပံ့ပေးသင့်သည်။

၇.၅ ပုဂ္ဂိုလ်အသီးသီးတို့သည် ရှိရင်းစွဲနှင့် ဒေသတွင်းအသုံးပြုသော စရိတ်စီးစီသက်သာစေသည့် နည်းလမ်းများ၊ ဒေသတွင်း နည်းပညာနှင့် ရေမြေသဘောသဘာဝနှင့် ကိုက်ညီမည့် နည်းပညာ လွှဲပြောင်းမှုများအပေါ် အခြေတည်လျက် ငါးဖမ်းဆီးပြီးနောက် အလေအလွင့်နှင့် ဆုံးရှုံးမှုများအား ရှောင်ရှားသင့်ပြီး တန်ဘိုးတိုးထုတ်ကုန်ထုတ်လုပ်နိုင်ရန် နည်းလမ်းရှာသင့်သည်။ ဂေဟစနစ်အတွင်း သဘာဝပတ်ဝန်းကျင် မထိခိုက်စေသော အလေ့အကျင့်ကောင်းများအား မြှင့်တင်ခြင်း၊ ကာကွယ်

တားဆီးသင့်သည်များကိုတားဆီးခြင်း ပြုလုပ်သင့်သည်။ ဥပမာ- အသေးစားငါးဖမ်းလုပ်ငန်းအတွင်းရှိ ငါးများကိုင်တွယ်ခြင်းနှင့် ကုန်ချောပြုလုပ်ခြင်းတို့ရှိ (ရေ၊ လောင်စာထင်း စသည့်) သွင်းအားစု အညစ်အကြေးများ။

၇.၆ နိုင်ငံတော်အနေဖြင့် ရပ်ရွာ၊ ပြည်တွင်း၊ ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာဈေးကွက်များအား လက်လှမ်းမီစေရန် ပံ့ပိုးကူညီပေးခြင်းနှင့် အသေးစားရေထွက်ပစ္စည်းများအတွက် ညီညွတ်မျှတသော၊ ခွဲခြားပြုမူခြင်းမခံရသော ကုန်သွယ်မှုတစ်ရပ် ပေါ်ပေါက်လာစေရန် မြှင့်တင်ပေးသင့်သည်။ နိုင်ငံတော် အနေဖြင့် ဒေသဆိုင်ရာ ဈေးကွက်များအတွင်းရှိ အသေးစား ရေထွက်ပစ္စည်းများအား ထောက်ပံ့ပေး နိုင်ရန်နှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း (WTO) ၏ အဖွဲ့ဝင်အခွင့်အရေးနှင့် တာဝန်ဝတ္တရားများ အား စွဲမြဲစေလျက် WTO ၏ သဘောတူညီချက်များအား ထည့်သွင်းစဉ်းစားစေခြင်းငှာ သက်ဆိုင်သူ တို့ ကုန်သွယ်မှု စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများသိရှိနေစေရန် အတူတကွ ပေါင်းစည်း ဆောင်ရွက်သင့်သည်။

၇.၇ နိုင်ငံတော်သည် ငါးနှင့်ရေထွက်ပစ္စည်းများ နိုင်ငံတကာကုန်သွယ်မှု၏ သက်ရောက်မှုများနှင့် ကုန်စည်ရောင်းဝယ်ဖောက်ကားမှုတွင် ရပ်ရွာအတွင်း ငါးဖမ်းသမားများ၊ ရေလုပ်ငန်းလုပ်သားများနှင့် ၎င်းတို့၏ကော်မတီများ အဆင့်ဆင့် (ဒေါင်လိုက်) ချိတ်ဆက်ညီညီပေါင်းစည်းညီညွတ်မှုရှိရေးတို့အား အလေးအနက်ထည့်သွင်းစဉ်းစားရမည်။ တဆက်တည်းတွင် နိုင်ငံတကာရေလုပ်ငန်းကုန်သွယ်မှုနှင့် ပြည်ပပို့မှုတို့တွင် ကျန်းမာရေး၊ အစာအာဟာရနှင့် လူမှုသာယာဝပြောမှုအတွက် ငါးစားသုံးရန် လိုအပ်လျက်ရှိသူများနှင့် အခြားအစာအာဟာရများအား လက်လှမ်းမမီသော၊ မတတ်နိုင်သော သူများ ၏ အာဟာရလိုအပ်ချက်အား ထိခိုက်စေခြင်း မဖြစ်စေသင့်ပေ။

၇.၈ နိုင်ငံတော်၊ ရေလုပ်သားငယ်များနှင့် အခြားတန်ဘိုးကွင်းဆက်အတွင်း ပါဝင်နေသူများမှာ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမှရရှိသော အကျိုးအမြတ်များသည် ထုတ်လုပ်မှုတွင် ပါဝင်ပတ်သက် နေသူများအားလုံးအကြား အညီအမျှခွဲဝေမှုရှိသင့်ကြောင်း သိရှိရမည် ဖြစ်သည်။ နိုင်ငံတော်သည် ရေထွက်အရင်းအမြစ်များ၊ စားနပ်ရိက္ခာဖူလုံမှုနှင့် အာဟာရပြည့်ဝမှုတို့၏ ရေရှည်တည်တံ့ခိုင်မာမှုအား ခြိမ်းခြောက်နိုင်သော ဈေးကွက်ဝယ်လိုအားမှ မောင်းနှင်လိုက်သည့် ခေါင်းပုံဖြတ်မှုများအား ကာကွယ် နိုင်စေရန် ထိရောက်သော ရေလုပ်ငန်းစီမံခန့်ခွဲမှုစနစ်များအား နေရာတကျ တည်ရှိစေသင့်သည်။ ၎င်းစီမံခန့်ခွဲမှုစနစ်များတွင် ငါးဖမ်းဆီးပြီးနောက် တာဝန်သိအလေ့အကျင့်များ၊ မူဝါဒများ၊ ပြည်ပတင်ပို့ မှုမှရရှိသည့် ဝင်ငွေမှ ရေလုပ်သားငယ်တို့ အကျိုးခံစားခွင့်ရရှိစေရန် လုပ်ရှားဆောင်ရွက်မှုများနှင့် တန်ဘိုးကွင်းဆက်တလျှောက် တရားမျှတသော အခြားအပြုအမူများ ပါဝင်သည်။

၇.၉ နိုင်ငံတော်အနေဖြင့် မူဝါဒများ၊ လမ်းညွှန်ချက်များ၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အကျိုးသက်ရောက်မှု စစ်တမ်းချမှတ်ဆောင်ရွက်ရာတွင် နိုင်ငံတကာ ကုန်သွယ်မှုကြောင့် ဖြစ်ပေါ်နိုင် သော သဘာဝပတ်ဝန်းကျင်၊ အသေးစားရေလုပ်ငန်းများ၏ ဓလေ့ထုံးစံများ၊ အသက်မွေးဝမ်းကျောင်း

လုပ်ငန်းများနှင့် စားနပ်ရိက္ခာ လုံခြုံရေးကိစ္စများအပေါ် ဆိုးကျိုးသက်ရောက်မှုမရှိစေရန် အထူးသတိပြုရမည်။ သက်ဆိုင်သူများအားလုံးနှင့် ညှိနှိုင်းဆွေးနွေးမှု ပြုပြီးမှသာ မူဝါဒများနှင့် လမ်းညွှန်ချက်များကို ချမှတ်ရမည်။

၇.၁၀ နိုင်ငံတော်အနေဖြင့် အသေးစားငါးဖမ်းလုပ်ငန်း၏ တန်ဖိုးမြှင့်ကွင်းဆက် အဆင့်ဆင့်တွင် ပါဝင်ပတ်သက်သူများအားလုံးအတွက် လျှော်ကန်သည့်ဈေးကွက်၊ သတင်းအချက်အလက်များ လက်လှမ်းမှီအောင် ဆောင်ရွက်ပေးရမည်။ အသေးစားငါးဖမ်းလုပ်သားများအနေဖြင့် တိကျ၍ အချိန်မှီသော ဈေးကွက်သတင်းအချက်အလက်ကို ရရှိပြီး ပြောင်းလဲနေသော ဈေးကွက်နှင့်အညီ ချိန်ညှိနိုင်ရမည်။ အသေးစား ရေလုပ်ငန်းလုပ်ဆောင်သူများ၊ အထူးသဖြင့် အမျိုးသမီးများ၊ ထိခိုက်လွယ်အုပ်စုများနှင့် အနွမ်းပါးဆုံး စွမ်းအားမဲ့အုပ်စုများမှ ကမ္ဘာ့ဈေးကွက်နှင့် ပြည်တွင်းအခြေအနေများမှ အခွင့်အလမ်းများအား (တဆက်တည်းတွင်လည်း အလားအလာရှိသော ဆိုးကျိုးများအား လျှော့ချလျက်) လိုက်လျောညီထွေ ကျင့်သုံးနိုင်စေရန် စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုတစ်ရပ် လိုအပ်ပါသည်။

## ၈. ကျား/မ တန်းတူညီမျှမှုရှိရေး

၈.၁ သက်ဆိုင်သူအားလုံး၏ မလျှော့သော လုံ့လစိုက်ထုတ်မှသာ ကျား/မ သဘောတူညီမှုကို ဖော်ဆောင်နိုင်မည်ကို အသိအမှတ်ပြုပြီး အသေးစား ငါးဖမ်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗျူဟာများတွင် ကျား/မ သာတူညီမျှမှု သဘောတရားကို ဗဟိုချက်မအဖြစ် အစဉ်အမြဲ ထည့်သွင်းစဉ်းစားရမည်။ ကျား/မ သာတူညီမျှမှု အမှန်တကယ်အောင်မြင်ရန် မတူညီသော ယဉ်ကျေးမှုတိုင်းအတွက် ကွဲပြားသော ချဉ်းကပ်မှုများ လိုအပ်ပြီး၊ အမျိုးသမီးများအား ခွဲခြားဆက်ဆံသော အကျင့်စရိုက်များအား တွန်းလှန် ဖြေရှင်းရမည်။

၈.၂ နိုင်ငံတော်အနေဖြင့် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေနှင့် ဆက်စပ်သဘောတူညီမှုနှင့် ကတိကဝတ်များအောက်ရှိ တာဝန်ဝတ္တရားများကို လိုက်နာပြီး၊ CEDAW နှင့် (Beijing Declaration and Platform for Action) ပါ အချက်အလက်များကိုလည်း လိုက်နာရန် လိုအပ်ပေသည်။ နိုင်ငံတော်အနေဖြင့် အသေးစားငါးဖမ်းလုပ်ငန်းများနှင့် တိုက်ရိုက်သက်ဆိုင်သော မူဝါဒများအတွက် ဆုံးဖြတ်ချက်ချမှုအပိုင်းတွင် အမျိုးသမီးများညီမျှစွာပါဝင်နိုင်ရန် အထူးအလေးထား ကြိုးပမ်းရမည်။ နိုင်ငံတော်အနေဖြင့် အမျိုးသမီးများအား ခွဲခြားဆက်ဆံမှုများကို တိုက်ဖျက်ရာတွင် တိကျသောလုပ်ဆောင်ချက်များရှိရန် လိုအပ်ပါသည်။ အသေးစားငါးဖမ်းလုပ်ငန်းနယ်ပယ်ရှိ အမျိုးသမီးအဖွဲ့အစည်းများနှင့် ၎င်းတို့၏ လုပ်ငန်းနယ်ပယ်အား တိုးချဲ့ကျယ်ပြောစေခြင်းနှင့် ၎င်းတို့အား လေ့လာစောင့်ကြည့်မည့် လုပ်ငန်းစဉ်များတွင် ပူပေါင်းပါဝင်စေခြင်း နည်းများဖြင့် ဆောင်ရွက်နိုင်သည်။ အမျိုးသမီးများအား အသေးစားငါးဖမ်းလုပ်ငန်း အဖွဲ့အစည်းများတွင် ပါဝင်စေပြီး၊ ၎င်းအဖွဲ့အစည်းများအား အဖွဲ့အစည်းဆိုင်ရာ တိုးတက်မှုရှိစေရန် ထောက်ပံ့ပေးရမည်။

၈.၃ နိုင်ငံတော်အနေဖြင့် လူမှု၊ စီးပွားနှင့် ယဉ်ကျေးမှုနောက်ခံများကို အခြေပြု၍ ကျား/မ သဘော တူညီမှုကို ဆန့်ကျင်သောမူဝါဒများ၊ ဥပဒေများကို ပြန်လည်ပြုပြင်ရမည်။ နိုင်ငံတော်အနေဖြင့် အသေး စားငါးလုပ်ငန်းနယ်ပယ်ရှိ အမျိုးသား၊ အမျိုးသမီးများ ပညာပေး သတင်းအချက် အလက်များ၊ နည်း ပညာများနှင့် ဥပဒေရေးရာ အကူအညီများ သာတူညီမျှရရန်အတွက် ဝန်ထမ်းများ ရွေးချယ်ခန့်ထား ရေးတွင် ကျား/မ အချိုးအစားမျှတအောင် ဆောင်ရွက်ရမည်။ သက်ဆိုင်သူအားလုံးမှ အမျိုးသမီးများ တိုးတက်ဖွံ့ဖြိုးရေးနှင့် ကျား/မ သာတူညီမျှ ရှိစေရေးအတွက် လက်တွေ့ကျသော သုံးသပ်စနစ် ထူထောင်၍ ဥပဒေများ၊ မူဂါဒများ၊ လုပ်ငန်းစဉ်များကို အတူပူးပေါင်း ဆန်းစစ်ရမည်။

၈.၄ သက်ဆိုင်သူများအားလုံးသည် အသေးစားငါးဖမ်းလုပ်ငန်းနယ်ပယ်ရှိ အမျိုးသမီးများအတွက် အရေးပါသော နည်းပညာဖွံ့ဖြိုးရေးလုပ်ငန်းများကို အားပေးရမည်။

## ၉. ဘေးအန္တရာယ်ဆိုင်ရာထိခိုက်မှုများနှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်း(Disaster Risk and Climate Change)

၉.၁ ရေရှည်တည်တံ့သော အသေးစားရေလုပ်ငန်းများ ဖြစ်လာစေရန်အတွက် ရာသီဥတု ပြောင်းလဲ မှုအား ရင်ဆိုင်ကျော်လွှားနိုင်ရေး လုပ်ငန်းစဉ်များကို ကုလသမဂ္ဂ၏ ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ သဘောတူညီချက် United Nations Framework Convention on Climate Change (UNFCCC) ၏ ဦးတည်ချက်များ၊ အခြေခံမူဘောင်များ၊ ဖော်ပြထားချက်များနှင့်အညီ အလျင်အမြန် လုပ်ဆောင်ရန် လိုအပ်သည်ကို နိုင်ငံတော်မှ အသိအမှတ်ပြုရမည်ဖြစ်ပြီး ကုလသမဂ္ဂ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ ညီလာခံ (Rio+20)မှ ထွက်ပေါ်လာသော ရလာဒ်ဖြစ်သည့် "ကျွန်ုပ်တို့လိုလားသော အနာ ဂတ်" စာတမ်းကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်မည်ဖြစ်သည်။

၉.၂ ပါဝင်ပတ်သတ်သူအသီးသီးသည် သဘာဝဘေးအန္တရာယ်၊ လူကြောင့်ဖြစ်သော ဘေးအန္တ ရာယ်နှင့် ရာသီဥတုပြောင်းလဲခြင်းတို့၏ အသေးစား ရေလုပ်ငန်းများအပေါ်တွင် သက်ရောက်နေမှုများ ကို သိရှိထည့်သွင်းစဉ်းစားရန် လိုအပ်မည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့်လည်း ရေလုပ်ငန်းအပေါ် တွင် သက်ရောက်နေသော ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကိစ္စရပ်များကို ဦးတည်၍ မူဝါဒများနှင့် အစီအမံများကို လုပ်ဆောင်ပေးသင့်သည်။ အထူးသဖြင့် သင့်လျော်ပါက လိုက်လျောညီထွေ ဖြစ်စေ ခြင်းနှင့် ဘေးအန္တရာယ်လျှော့ချခြင်းဆိုင်ရာ ဗျူဟာများအပြင် ကြံ့ကြံ့ခံနိုင်မှုအတွက် နည်းဗျူဟာများ အား ဒေသခံလူမျိုးစုများ၊ အမျိုးသား/အမျိုးသမီးများနှင့် ထိခိုက်လွယ်နွမ်းပါးအုပ်စုများနှင့် ထိထိ ရောက်ရောက် ဆွေးနွေးမှုများပြုလုပ်လျက် ဖော်ထုတ်သင့်သည်။ ရာသီဥတုပြောင်းလဲမှုမှ စားနပ်ရိက္ခာ ဖူလုံမှု၊ အာဟာရ၊ နေအိမ်နှင့် အသက်မွေးမှုများအပေါ် အထူးသက်ရောက်လျက်ရှိသော ကျွန်းများ ပေါ်တွင်အသက်မွေးလျက်ရှိသည့် ရေလုပ်သားငယ်များအတွက် အထူးထောက်ပံ့မှုများ ရှိသင့်သည်။

၉.၃ အသေးစား ရေလုပ်ငန်းများအပေါ်တွင် ရာသီဥတုပြောင်းလဲခြင်းကြောင့် သက်ရောက်မှုများကို ကဏ္ဍအသီးသီးအကြား ခြုံငုံမှုရှိသော၊ ပေါင်းစည်းမှုရှိသော နည်းလမ်းများဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပြီး ရေထုညစ်ညမ်းခြင်း၊ ကမ်းပြိုခြင်းနှင့် ရေနေသတ္တဝါများကို ဖျက်ဆီးခြင်းစသည့် အခြားသက်မွေးမှုလုပ်ငန်းများကြောင့် ရေလုပ်ငန်းနှင့် ၎င်းတို့၏ ရာသီဥတုပြောင်းလဲမှုအပေါ် သက်ရောက်နိုင်သည်များကိုလည်း ထည့်သွင်း စဉ်းစားသင့်သည်။

၉.၄ နိုင်ငံတော်သည် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝ/လူကြောင့်ဖြစ်သော ဘေးအန္တရာယ်များ ကို ရင်ဆိုင်နေရသော အသေးစား ရေလုပ်ငန်းလုပ်ကိုင်သူများအား ဘေးအန္တရာယ်လျှော့ချခြင်း၊ ရာသီဥတု ပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်အောင် နေထိုင်နိုင်ခြင်းတို့အတွက် ထောက်ပံ့ကူညီမှုများ ပြုလုပ်ပေးရန် ထည့်သွင်းစဉ်းစားသင့်သည်။

၉.၅ အကယ်၍ လူလုပ်ဘေးအန္တရာယ်များကြောင့် အသေးစားရေလုပ်ငန်းလုပ်သူများအား ထိခိုက်မှု ရှိပါက ပြုလုပ်သူကိုယ်တိုင် တာဝန်ခံမှု ရှိသင့်သည်။

၉.၆ နိုင်ငံတော်နှင့် ပါဝင်ပတ်သက်သူများအနေဖြင့် ရာသီဥတုပြောင်းလဲမှုသည် ငါးဖမ်းဆီးပြီး နောက်ပိုင်း ကဏ္ဍများနှင့် ကုန်သွယ်မှုကဏ္ဍများသို့ သက်ရောက်နေမှုအား ထည့်သွင်း စဉ်းစားသင့်သည်။ သက်ရောက်မှုပုံစံများတွင် ငါးမျိုးစိတ်အရလည်းကောင်း၊ ငါးအရေအတွက်အရလည်းကောင်း၊ လတ်ဆတ်မှု သက်တမ်းအရ လည်းကောင်း၊ ဈေးကွက်တွင် ဝယက်ရိုက်စေမှုများအရလည်းကောင်း ပြောင်းလဲမှုများရှိစေခြင်းဖြင့် သက်ရောက်စေမှုများပါဝင်သည်။ နိုင်ငံတော်သည် ဆိုးကျိုးများ လျှော့ချနိုင်ရန် အသေးစားရေလုပ်ငန်းလုပ်ကိုင်မှုတွင် ပါဝင်ပတ်သက်နေသူများသို့ အထောက်အပံ့များ ပေးသင့်သည်။ နည်းပညာအသစ်များ ဖြင့်မိတ်ဆက်ပေးခြင်းဖြင့် အနာဂတ်တွင်ရှိ ငါးမျိုးစိတ်၊ ထုတ်ကုန်၊ ဈေးကွက်နှင့် ရာသီဥတုပြောင်းလဲမှုများအား လိုက်လျောညီထွေဖြစ်စေနိုင်မှု လိုအပ်သည်။

၉.၇ နိုင်ငံတော်သည် အရေးပေါ်တုံ့ပြန်မှုနှင့် ဘေးအန္တရာယ်ကာကွယ်မှုများသည် အသေးစား ရေလုပ်ငန်းတွင် မည်သို့ဆက်စပ်နေသည်ကို နားလည်သင့်ပြီး 'ကယ်ဆယ်ရေးမှဖွံ့ဖြိုးရေးသို့' ဟူသည့် မသိမသာ တစတစပြောင်းလဲမှုသဘောတရားအား ကျင့်သုံးသင့်သည်။ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များသည် အရေးပေါ်တုံ့ပြန်မှု၊ ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ဦးမော့လာရေး စသည့်အရေးပေါ်ဖြစ်စဉ်အဆင့်ဆင့်နှင့် အလားအလာရှိသော အနာဂတ် ခြိမ်းခြောက် နေမှုများအား လျှော့ချစေသည့် လုပ်ရှားဆောင်ရွက်မှုများကိုပါ ထည့်သွင်းစဉ်းစားသင့်သည်။ "ကျောရိုးအားခိုင်မာအောင်တည်ဆောက်ခြင်း (Building Back Better)" ဆိုသည့် သဘောတရားအား ဘေးအန္တရာယ်တုံ့ပြန်မှုနှင့် ပြန်လည်ထူထောင်ရေးတွင် အသုံးချသင့်သည်။

၉.၈ ပါဝင်ပတ်သက်သူအသီးသီးသည် ရာသီဥတုပြောင်းလဲခြင်းနှင့်ဆိုင်သော လုပ်ဆောင်မှုများ တွင် အသေးစားရေလုပ်ငန်းများ၏ အခန်းကဏ္ဍအား မြှင့်တင်ပေးသင့်ပြီး ငါးဖမ်းဆီးခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း စသည့်လုပ်ငန်း အဆင့်ဆင့်တွင် ထိရောက်စွာ ကူညီလုပ်ဆောင်ပေးသင့်သည်။

၉.၉ နိုင်ငံတော်သည် အသေးစား ရေလုပ်ငန်းလုပ်ကိုင်သူများအား ရာသီဥတုပြောင်းလဲခြင်းနှင့် အညီ လိုက်လျောညီထွေမှုဖြစ်စွာ နေထိုင်နိုင်ရေးအတွက် ဘဏ္ဍာငွေများ၊ လုပ်ငန်းအတွက် လိုအပ် သည့် ပံ့ပိုးပစ္စည်းများ၊ ရေမြေသဘောသဘာဝနှင့်ကိုက်ညီသည့် နည်းပညာများအား ပွင့်လင်းမြင်သာ စွာ လက်လှမ်းမှီ သုံးစွဲခွင့်ရရှိစေရန် ထည့်သွင်းစဉ်းစားပေးသင့်သည်။

## အပိုင်း (၃) တိုးတက်လုပ်ဆောင်လာနိုင်သည့် ပတ်ဝန်းကျင်ဖြစ်စေရန်နှင့် အကောင်အထည်ဖော် လုပ်ဆောင်မှုကို ထောက်ပံ့ကူညီခြင်း

### ၁၀. မူဝါဒဆိုင်ရာ ရှင်းလင်းညီညွတ်မှု၊ အဖွဲ့အစည်းဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှုနှင့် ပူးပေါင်း ဆောင်ရွက်မှု

၁၀.၁ နိုင်ငံတော်သည် အပြည်ပြည်ဆိုင်ရာအက်ဥပဒေ၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေ၊ ဒေသခံလူမျိုးစုများနှင့် ဆက်စပ်နေသော အခြားအပြည်ပြည်ဆိုင်ရာ လုပ်ကိုင်ဆောင်ရွက်ပုံများ၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု မူဝါဒများ၊ စွမ်းအင်၊ ပညာရေး၊ ကျန်းမာရေးနှင့် ကျေးလက်မူဝါဒများ၊ သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းမှု၊ စားနပ်ရိက္ခာဖူလုံမှုနှင့် အာဟာရဓာတ်ဆိုင်ရာ မူဝါဒများ၊ လုပ်သားနှင့် အလုပ်အကိုင်မူဝါဒများ၊ ကုန်သွယ်မှုမူဝါဒများ၊ ဘေးအန္တရာယ်စီမံခန့်ခွဲရေး (DRM) နှင့် ရာသီဥတုပြောင်းလဲခြင်းအား လိုက်လျောညီထွေဖြစ်စေမှု (CCA) မူဝါဒများ၊ ရေလုပ်ငန်း အခွင့်အလမ်း ဆိုင်ရာအစီအမံများနှင့် အသေးစားရေလုပ်ငန်း ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအား မြှင့်တင်သည့် အခြား အပြည်ပြည်ဆိုင်ရာမူဝါဒများ၊ အစီအမံများ၊ လှုပ်ရှားဆောင်ရွက်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများ စသည်တို့ နှင့်ဆက်စပ်လျက်ရှိသော ဆီလျော်သည့်မူဝါဒများအား ဂရုပြု စဉ်းစားသိရှိသင့်သည်။ ကျား/မ သာတူ ညီမျှမှုနှင့် သက်ညှာမှုအား အထူးအလေး ပေး ဆောင်ရွက်သင့်သည်။

၁၀.၂ နိုင်ငံတော်သည် လိုအပ်ပါက ပထဝီအခြေပြု စီမံချက်ရေးဆွဲခြင်း (Spatial Planning) နည်း လမ်းများကို အသုံးပြုပြီး ကုန်းတွင်းပိုင်းနှင့် ကမ်းရိုးတန်းဒေသများကို လွှမ်းခြုံသင့်ပေသည်။ ယင်းတွင် အသေးစား ရေလုပ်ငန်းလုပ်ကိုင်သူများ၏ အကျိုးနှင့် သက်ဆိုင်ရာကဏ္ဍအားလုံး ပါဝင်သော ကမ်းရိုး တန်းဇုန် စုပေါင်းစီမံခန့်ခွဲမှု စသည်တို့ကို ထည့်သွင်းစဉ်းစားရမည်။ ဆွေးနွေးတိုင်ပင်မှု၊ ပူးပေါင်း ပါဝင်စေမှုနှင့် ပွင့်လင်းမြင်သာမှုတို့ဖြင့် ရေးဆွဲသောစီမံကိန်းများတွင် ကျား/မ အခန်းကဏ္ဍ ဂရုပြုသော မူဝါဒများနှင့် ဥပဒေများအား ထည့်သွင်းသင့်သည်။ တရားဝင် စီမံကိန်းစနစ်တစ်ခုသည် အသေးစား ရေလုပ်သားများနှင့် အခြားမိရိုးဖလာ လုပ်ပိုင်ခွင့်စနစ်များနှင့် ဆုံးဖြတ်ချက်ချမှတ်မှုစနစ်များ ရှိသော သက်ဆိုင်သည့် အဖွဲ့အစည်းများ အသုံးချနိုင်သည့် စီမံနည်းစနစ်နှင့် ပင်လယ်ရေပိုင်နက် နယ်ပယ် ဖွံ့ဖြိုးတိုးတက်မှုတို့အား ထည့်သွင်းစဉ်းစားသင့်သည်။

၁၀.၃ နိုင်ငံတော်သည် ပင်လယ်၊ ကုန်းတွင်းပိုင်းနယ်ပယ်များနှင့် အခြားဂေဟစနစ်များ၏ ရှင်သန်မှု ကို သက်ရောက်လျက်ရှိသော မူဝါဒများညီညွတ်မှုရှိစေရန် အထူးမူဝါဒအစီအမံများအား ကျင့်သုံး သင့်ပြီး ရေလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် အခြားသဘာဝ အရင်းအမြစ်များဆိုင်ရာ မူဝါဒများသည် ၎င်း ကဏ္ဍများအတွင်း အပြန်အလှန်ဆက်စပ်လျက်ရှိသော အသက်မွေးမှုများအား ပူးပေါင်း မြှင့်တင်သင့် သည်။

၁၀.၄ နိုင်ငံတော်မှ ပြဌာန်းသော မူဝါဒများသည် ဂေဟစနစ် အခြေခံသော စီမံခန့်ခွဲမှု နည်းလမ်းဖြင့် အသေးစားရေလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးတို့ကို ဦးတည်သော ရည်ရှည်မျှော်မှန်းချက်များ ပါဝင်စေရမည်ဖြစ်သည်။ ရေလုပ်ငန်းမူဝါဒဘောင်တစ်ရပ်လုံး သည် အသေးစားရေလုပ်ငန်းနှင့် လူ့အခွင့်အရေးတို့၏ ရေရှည်အနာဂတ်ပုံရိပ်၊ မူဝါဒဘောင်တို့နှင့် ဆီလျော်ညီညွတ်မှု ရှိရမည်။ ၎င်းတွင် ထိခိုက်လွယ်အုပ်စုများနှင့် ခွဲခြားခံအုပ်စုများအတွက် အထူး အလေးပေးမှုများ ပါဝင်စေသင့်သည်။

၁၀.၅ ရေလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ဂေဟစနစ်ကို အခြေခံသော နည်းလမ်းဖြင့် အခြားကဏ္ဍ များနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ဒေသတွင်းနှင့် နိုင်ငံတကာအဆင့် ချိတ်ဆက်ဆောင်ရွက်မှုများ ဖြစ်ပေါ် စေရန်အတွက် နိုင်ငံတော်မှ လုပ်ဆောင်သင့်သည်။ ထို့အပြင် အသေးစားရေလုပ်ငန်းများ ဖွံ့ဖြိုးတိုး တက်ရေးအတွက် သက်ဆိုင်ရာဌာနများတွင် ရှင်းလင်းသောစွာ တာဝန်သတ်မှတ် ခွဲဝေပေးသင့်သည်။

၁၀.၆ အသေးစားရေလုပ်ငန်းနှင့် နီးနွယ်ပတ်သတ်သူများသည် အချင်းချင်း ချိတ်ဆက်ဆောင်ရွက်မှု ကို မြှင့်တင်၍ ၎င်းတို့၏ အတွေ့အကြုံများ ဝေမှရန်၊ သတင်းအချက်အလက်များ ဖလှယ်ရန်နှင့် အသေးစား ရေလုပ်ငန်းနှင့်သက်ဆိုင်သော မူဝါဒနှင့် ဆုံးဖြတ်ချက်ချမှတ်မှုအပိုင်းများတွင် ပါဝင်ခွင့် ရရှိရေးတို့အတွက် ကွန်ယက်များ ဖန်တီးသင့်သည်။

၁၀.၇ နိုင်ငံတော်သည် အသေးစားရေလုပ်ငန်းများ စီမံခန့်ခွဲမှုကို ထိရောက်စွာ လုပ်ကိုင်နိုင်ရေး အတွက် သင့်တော်သော ဒေသဆိုင်ရာ စီမံခန့်ခွဲမှုစနစ်များကို နိုင်ငံတော်၏ ဥပဒေများနှင့် အညီ မြှင့်တင်လုပ်ဆောင်သင့်သည်။

၁၀.၈ နိုင်ငံတော်သည် အသေးစားရေလုပ်ငန်းကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် ဒေသခွဲများဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအား မြှင့်တင်သင့် သည်။ အသေးစား ရေလုပ်ငန်းကဏ္ဍအပေါ် ပိုမိုသိနားလည်မှုရှိစေရန် သင့်လျော်၍ နှစ်ဦးနှစ်ဖက် သဘောတူညီမှုရှိထားသော နည်းပညာလွှဲပြောင်းမှုများအပါအဝင် ဒေသခွဲများ၊ ဒေသဆိုင်ရာ (သို့) အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရောက်မှုများအား ထောက်ပံ့ရန် နိုင်ငံတော်နှင့် ဒေသဆိုင်ရာ၊ ဒေသခွဲဆိုင်ရာအဖွဲ့အစည်းများမှ စွမ်းဆောင်ရည် မြှင့်တင်ခြင်း လုပ်ငန်းများကို ပူးပေါင်းလုပ်ဆောင် သင့်သည်။

## ၁၁. သတင်းအချက်အလက်၊ သုတေသနနှင့် ဆက်သွယ်ရေး

၁၁.၁ နိုင်ငံတော်သည် အသေးစားရေလုပ်ငန်း ရေရှည်ဖွံ့ဖြိုး တိုးတက်ရေးအတွက် စီမံခန့်ခွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အထောက်အကူပြုနိုင်ရန်အတွက် သင့်တော်သော သတင်းအချက် အလက် ကောက်ယူမှုစနစ် ထူထောင်ထားရှိသင့်သည်။ ယင်းတွင် လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ ဇီဝမျိုးကွဲနှင့်ဂေဟစနစ်ဆိုင်ရာ အချက်အလက်များ ပါဝင်သင့်သည်။ တရားဝင်ထုတ်ပြန်ထားသော စာရင်းအင်း အချက်အလက်များအား ကျား/မခွဲခြား ဖော်ပြခြင်းဖြင့်လည်းကောင်း၊ အသေးစားရေ လုပ်ငန်းကဏ္ဍနှင့် ၎င်း၏လူမှုစီးပွားရေးကဏ္ဍငယ်တို့၏ အရေးပါအရာရောက်မှုတို့အား ထင်ဟပ်စေ ခြင်းဖြင့်လည်းကောင်း၊ ပိုမိုသိရှိ နားလည်စေရန်အတွက်လည်းကောင်း အားထုတ်ကြိုးပမ်းသင့်သည်။

၁၁.၂ အသေးစား ရေလုပ်ငန်းလုပ်ကိုင်သူများနှင့် နီးနွယ်ပတ်သတ်သူများသည် ထိရောက်သော ဆုံးဖြတ်ချက် ချမှတ်နိုင်ရေးအတွက် မရှိမဖြစ်လိုအပ်လျက်ရှိသော ဆက်သွယ်ရေးနှင့် သတင်းအချက် အလက် ကဏ္ဍ၏ အရေးပါမှုအား သိရှိမှု ရှိသင့်သည်။

၁၁.၃ နိုင်ငံတော်သည် ပွင့်လင်းမြင်သာမှုအား မြှင့်တင်ခြင်းဖြင့်လည်းကောင်း၊ ဆုံးဖြတ်ချက်ချမှတ်မှု အား တာဝန်ခံမှု ရှိစေခြင်းဖြင့်လည်းကောင်း၊ အသေးစား ရေလုပ်ငန်းလုပ်ကိုင်သူများကိုယ်တိုင် ပူးပေါင်းပါဝင်စေခြင်း၊ ဆက်သွယ်ဆောင်ရွက်စေခြင်းဖြင့် သမာသမတ်ကျသော ဆုံးဖြတ်ချက်ချမှတ်မှု များအား နှောင့်နှေးမှုမရှိ ဖြစ်ပေါ်စေခြင်းဖြင့်လည်းကောင်း အဂတိလိုက်စားမှုအား ကာကွယ်တားဆီး ရန် ကြိုးပမ်းလုပ်ဆောင်သင့်သည်။

၁၁.၄ ပါဝင်ပတ်သက်သူများ အနေဖြင့် အသေးစားရေလုပ်ငန်းတွင် လုပ်ကိုင်လျက်ရှိသော သူများ သည် ရေလုပ်ငန်းနှင့်ပတ်သတ်သော အသိပညာ သိမြီးထားသူ၊ ဝေမျှနိုင်သူနှင့် လက်ခံရယူမည့်သူများ ဖြစ်ကြောင်း အသိအမှတ်ပြုသင့်သည်။ အထူးသဖြင့် လက်ရှိဖြစ်ပေါ်နေသော ပြဿနာများကို ရင်ဆိုင် ကျော်လွှားရန်နှင့် ၎င်းတို့၏ အသက်မွေးမှုများ ဖွံ့ဖြိုးတိုးတက်လာစေရန် အသေးစား ရေလုပ်ငန်း ကဏ္ဍတွင် လုပ်ကိုင်နေသူများနှင့် အဖွဲ့အစည်းများအတွက် သင့်လျော်သော သတင်းအချက်အလက် များ လိုအပ်ကြောင်း နားလည်သိရှိရန် အရေးကြီးသည်။ ၎င်းသတင်းအချက်များ လိုအပ်မှုသည် လက်ရှိရင်ဆိုင်နေရသော အရေးကိစ္စရပ်များနှင့် ရေလုပ်ငန်းအသက်မွေးမှုများ၏ ဇီဝဗေဒ၊ တရား ဥပဒေ၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုရှုထောင့်များအပေါ် အခြေတည်လျက်ရှိသည်။

၁၁.၅ နိုင်ငံတော်သည် တရားမဝင်သော၊ တရားဥပဒေဖောက်ဖျက်သည့် ငါးဖမ်းခြင်းများနှင့် စပ်လျဉ်း သော သတင်းအချက်အလက်များအတွက်သာမက တာဝန်သိသော အသေးစား ရေလုပ်ငန်း အသက် မွေးမှုများ ဖြစ်ထွန်းစေရန်အတွက် လိုအပ်သော သတင်းအချက်အလက်များကို သေချာစွာရရှိစေရန် ဆောင်ရွက်ရမည်။ ၎င်းသည် ထိခိုက်လွယ်အုပ်စုများနှင့် စွမ်းအားမဲ့အုပ်စုများအား အထူးအလေးပေး

ထားသော ဘေးအန္တရာယ်၊ ရာသီဥတုပြောင်းလဲမှု၊ အသက်မွေးဝမ်းကျောင်းမှုများနှင့် စာနပ်ရိက္ခာ ဖူလုံမှု စသည်တို့နှင့် ဆက်စပ်မှုရှိသင့်သည်။ သတင်းအချက်အလက် ရရှိရန် ခက်ခဲသော နေရာများတွင် အချက်အလက်နည်းနည်းနှင့် ထူထောင်နိုင်သော သတင်း အချက်အလက်စုဆောင်းမှုစနစ်ကိုလည်း ထားရှိသင့်သည်။

၁၁.၆ ပါဝင်ပတ်သက်သူများ အားလုံးသည် ဒေသဆိုင်ရာ အုပ်ချုပ် ရေးစနစ်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုတို့ ဖေါ်ဆောင်မှု ဖြစ်စဉ်တွင် အသေးစား ရေလုပ်ငန်းလုပ်ကိုင်သူများ၏ အသိအမြင်၊ ယဉ်ကျေးမှု၊ မိရိုးဖလာ ဓလေ့များနှင့် အလေ့အကျင့်များအား အသိအမှတ်ပြုရမည်။ အမျိုးသမီးငါးဖမ်းသမားများနှင့် ရေလုပ်သားများ၏ အသိအမြင်များအား အသိအမှတ်ပြု ထောက်ပံ့မှုပေးရမည်။ နိုင်ငံတော်အနေဖြင့် ရေရှည်ငါးဖမ်းလုပ်ငန်းထိန်းသိမ်းရေး၊ စီမံခန့်ခွဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင်ရှိ ၄င်းတို့၏ ဖြည့်စွက်မှုများအား ချင့်တွက်နိုင်ရန်အတွက် မိရိုးဖလာ ငါးဖမ်းအသိပညာများနှင့် နည်းပညာများအား စူးစမ်းမှတ်တမ်းတင်ထားသင့်သည်။

၁၁.၇ နိုင်ငံတော်နှင့် အခြားပါဝင်ပတ်သတ်သူများသည် အသေးစားရေလုပ်ငန်းတွင် လုပ်ကိုင်သူများ အထူးသဖြင့် ဒေသခံတိုင်းရင်းသားများနှင့် အမျိုးသမီးများ၏ ရေသယံဇာတများ၊ ငါးဖမ်းနည်း စနစ်များနှင့် ဂေဟစနစ်အပေါ် မိရိုးဖလာသိရှိမှုများကို ပိုမိုတိုးတက်လာစေရန်အတွက် နည်းပညာနှင့် ဘဏ္ဍာငွေထောက်ပံ့မှုများအား ပြုလုပ်ပေးသင့်သည်။

၁၁.၈ ပါဝင်ပတ်သက်သူများအားလုံးသည် သတင်းအချက်အလက်များ ဖလှယ်မှု၊ ရရှိနိုင်မှုအတွက် ရပ်ရွာ၊ နိုင်ငံတော်၊ ဒေသခွဲများနှင့် ဒေသဆိုင်ရာအဆင့်တွင် ရှိရင်းစွဲ ကွန်ယက်များနှင့် အပိုင်းအဝန်းများအား အသုံးပြုခြင်း၊ တည်ဆောက်ခြင်း ပြုလုပ်သင့်သည်။ ယင်းတွင် နယ်နမိတ်မျဉ်းတလျှောက်ရှိ ရေသံဇာတများနှင့် ပတ်သက်သော သတင်းအချက်အလက်များလည်း ပါဝင်သည်။ သတင်းအချက်အလက် စီးဆင်းမှုတွင် အထက်အောက်နှင့် ဘေးတိုက် နှစ်မျိုးစလုံး ပါဝင်စေရမည်။ လူမှုရေးနှင့် ယဉ်ကျေးမှု ရှုထောင့်များအား ထည့်တွက်လျက် သင့်လျော်သော နည်းလမ်းများ၊ လုပ်ဆောင်ပုံများနှင့် သတင်း မီဒီယာများအား အသေးစားရေလုပ်ငန်းကဏ္ဍတွင် လုပ်ကိုင်နေသူများ၏ စွမ်းဆောင်ရည်များ မြင့်တက်လာစေရန် အသုံးပြုသင့်သည်။

၁၁.၉ နိုင်ငံတော်နှင့် အခြားအဖွဲ့အစည်းများသည် အသေးစား ရေလုပ်ငန်းများကို ဦးတည်သော သုတေသန လုပ်ငန်းများအတွက် ဘဏ္ဍာငွေများ လျာထားသင့်ပြီး ပူးပေါင်းလုပ်ဆောင်မှုနည်းလမ်းများဖြင့် အချက်အလက် ကောက်ယူမှု၊ လေ့လာဆန်းစစ်မှုနှင့် သုတသနပြုမှုစနစ်တို့အား ပြုလုပ်သင့်သည်။ သုတသနအဖွဲ့အစည်းများသည် အသေးစားရေလုပ်ငန်းတွင် လုပ်ကိုင်နေကြသူများအနေဖြင့် သုတသနလုပ်ငန်းများတွင် ပါဝင်လာနိုင်စေရန်အတွက်လည်းကောင်း၊ သုတသနရလဒ်များအား အသုံးချလာနိုင်စေရန်အတွက်လည်းကောင်း စွမ်းဆောင်ရည်မြှင့်တင်မှုများအား ထောက်ပံ့ပေးသင့်သည်။ ဦးစားပေးသုတေသနများအား DRM နှင့် CCA အစီအမံများ အပါအဝင် အသေးစားရေလုပ်သားများ၏

အခန်းကဏ္ဍများကို အထူးပြုထားသည့် ရေရှည်တည်တံ့သော အရင်းအမြစ်အသုံးချမှု၊ စားနပ်ရိက္ခာနှင့်အာဟာရ၊ ဆင်းရဲမှုတိုက်ဖျက်ရေးနှင့် မျှတသော ဖွံ့ဖြိုးတိုးတက်မှုစသည်တို့အား အခြေခံသော ချဉ်းကပ်မှုပုံစံဖြင့် ဖော်ထုတ်သင့်သည်။

၁၁.၁၀ အလုပ်ကဏ္ဍ အမျိုးအစားအလိုက် သုတေသနများအား လုပ်ဆောင်သင့်ပြီး ရေလုပ်ငန်းတွင် လုပ်ကိုင်နေသူများ (ရွှေ့ပြောင်း ရေလုပ်သားများ၊ ရေလုပ်ငန်းတွင် လုပ်ကိုင်သော လုပ်သားများ၊ အမျိုးသားနှင့် အမျိုးသမီး) ၏ လူမှုဘဝဖွံ့ဖြိုးရေးဆိုင်ရာ နည်းဗျူဟာများ ဖော်ဆောင်နိုင်ရေးကို မြှင့်တင်လုပ်ဆောင်သင့်သည်။ မူဝါဒ ဖော်ဆောင်မှုများ၊ အသေးစားရေလုပ်ငန်းနှင့် သက်ဆိုင်သော စီမံကိန်းနှင့် စီမံချက် ရေးဆွဲမှုများတွင် ကျား/မရေးရာ လေ့လာသုံးသပ်ချက် ပြုလုပ်၍ ထည့်သွင်း ရေးဆွဲသင့်သည်။ ကျား/မ အထူးအလေးပေးသော ညွှန်ကိန်းများအား ကျား/မ မညီမျှမှုအား စောင့်ကြည့်လေ့လာရာတွင်လည်းကောင်း၊ ဂင်ရောက်ဆောင်ရွက်မှုသည် မည်သည့်လူမှုဆိုင်ရာ ပြောင်းလဲမှုအား ဖြစ်ပေါ်စေသနည်းကို ဖမ်းယူကြည့်ရှုရာတွင်လည်းကောင်း အသုံးချသင့်သည်။

၁၁.၁၁ နိုင်ငံတော်နှင့် သက်ဆိုင်ရာ အကောင်အထည်ဖော်သူများသည် ပင်လယ်ထုတ်ကုန်ထုတ်လုပ်မှုတွင် အသေးစားရေလုပ်သားငယ်များ၏ အခန်းကဏ္ဍအား သိရှိစေလျက် ငါးများစားသုံးခြင်းမှ ရရှိသော အာဟာရဓာတ် အကျိုးအမြတ်ကိုလည်းကောင်း၊ အရည်အသွေး ကောင်းမွန်သော ငါးစသည့် ရေထွက်ပစ္စည်းများအား မည်သို့ရယူရမည်ကိုလည်းကောင်း သိရှိမှု မြင့်မားစေရန်အတွက် စားသုံးသူ အသိပညာပေးအစီအစဉ်များတွင် ငါးနှင့်ရေထွက်ပစ္စည်းများစားသုံးမှုကို မြှင့်တင်မှုများ ပြုလုပ်သင့်သည်။

## ၁၂. စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှု

၁၂.၁ ဆုံးဖြတ်ချက်ချမှတ်မှု ဖြစ်စဉ်အဆင့်ဆင့်တွင် အသေးစား ရေလုပ်သားများ ပါဝင်နိုင်စေရန် အတွက် အသေးစားရေလုပ်သားများ၏ စွမ်းဆောင်ရည်အား မြှင့်တင်ပေးသင့်သည်။ ၎င်းတွင် တန်ဘိုးကွင်းဆက်တစ်ခုလုံးရှိ အမျိုးမျိုးသော အသေးစားရေလုပ်ငန်းကဏ္ဍငယ် အသွယ်သွယ်မှ သင့်တော်မှန်ကန်စွာ ကိုယ်စားပြုနေမှုများ ရှိနေသင့်သည်။ ၎င်းစနစ်များတွင် အမျိုးသမီးများ ညီမျှစွာပါဝင်နိုင်မှု လုပ်ဆောင်ချက်များအား အထူးအလေးပေးသင့်သည်။ လိုအပ်ပါက အမျိုးသမီးများနှင့်သက်ဆိုင်သော ကဏ္ဍအဆင့်ဆင့်တွင် အမျိုးသမီးများ လွတ်လပ်စွာ စည်းရုံးပါဝင်ခွင့်ရှိစေရန် သီးခြားနေရာများနှင့် အစီအမံများ ထောက်ပံ့ထားပေးသင့်သည်။

၁၂.၂ နိုင်ငံတော်နှင့် အခြားသက်ဆိုင်နေသူများသည် အသေးစားရေလုပ်ငန်းလုပ်ကိုင်သူများမှ ဈေးကွက်အခွင့်အလမ်းများရရှိနိုင်စေရန် စွမ်းဆောင်ရည် တည်ဆောက်ပေးမှုများအား (ဥပမာအားဖြင့် ဖွံ့ဖြိုးရေးအစီအစဉ်များမှတဆင့်) မြှင့်တင်ပေးသင့်သည်။

၁၂.၃ စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုအား ရှိရင်းစွဲအသိများအပေါ်တွင် အခြေတည်သင့်ပြီး၊ အသိပညာ လွှဲပြောင်းမှုမှာ ထိခိုက်လွယ်သူများ၊ အမျိုးသားများ၊ အမျိုးသမီးများ၊ စွမ်းအားမဲ့အုပ်စုများ စသည်တို့အားလုံး၏ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိသော နှစ်လမ်းသွားဖြစ်စဉ် ဖြစ်သင့်သည်။ စွမ်းဆောင်ရည်မြှင့်တင်ရာတွင် အသေးစား ရေလုပ်ငန်း လုပ်ကိုင်သူများအား ရာသီဥတု ပြောင်းလဲမှုနှင့် လိုက်လျောညီထွေ နေထိုင်နိုင်မှု၊ သဘာဝဘေး အန္တရာယ်များကို ကြံ့ကြံ့ခံနိုင်မှုတို့အတွက် ထည့်သွင်းစဉ်းစား၍ မြှင့်တင်သင့်သည်။

၁၂.၄ အစိုးရနှင့် သက်ဆိုင်ရာ အေဂျင်စီများသည် အသေးစားရေလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးရေးအတွက် အသိပညာနှင့် စွမ်းဆောင်ရည် မြှင့်တင်ရာတွင် ရေရှည်ဖွံ့ဖြိုးရေးနှင့် ရေလုပ်ငန်း စုပေါင်းစီမံခန့်ခွဲမှုစနစ် အောင်မြင်စွာ တည်ထောင်နိုင်ရေးတို့ကို ရှေးရှု၍ လုပ်ဆောင်သင့်သည်။ အသေးစား ရေလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်မှုဖြစ်စဉ်နှင့် စီမံအုပ်ချုပ်မှုနယ်ပယ် စသည်တို့နှင့် တိုက်ရိုက်ပတ်သက်သော ဒေသအစိုးရ စီမံအုပ်ချုပ်မှုစနစ်နှင့် လုပ်ပိုင်ခွင့်အဆင့်ဆင့် ခွဲဝေထားရှိမှု စနစ်တို့အား သိရှိအောင် အထူးအာရုံစိုက် လုပ်ဆောင်ပေးသင့်သည်။

## ၁၃. အကောင်အထည်ဖော်မှုအထောက်အပံ့များနှင့် စောင့်ကြည့်လေ့လာခြင်း

၁၃.၁ ပါဝင်သူများအားလုံးတို့သည် ဤလမ်းညွှန်ချက်ကို နိုင်ငံတော် **ဦးစားပေးအစီအစဉ်**များနှင့် လက်ရှိအခြေအနေတို့အား ကိုက်ညီစွာ အကောင်အထည်ဖော်သင့်သည်။

၁၃.၂ နိုင်ငံတော်နှင့်အခြားသက်ဆိုင်နေသူများသည် အထောက်အပံ့များ ထိရောက်မှုနှင့် ဘဏ္ဍာငွေအရင်းအမြစ်များအား တာဝန်သိသိသုံးစွဲမှုတို့အား တိုးမြှင့်သင့်သည်။ နိုင်ငံတော်မှ ဤလမ်းညွှန်ချက်အား အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းရာတွင် ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများ၊ ကုလသမဂ္ဂ အထူးအေဂျင်စီ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများမှ တွန်းအားပေး ထောက်ပံ့ကူညီမှုများ ပြုလုပ်ပေးသင့်သည်။ ယင်းတွင် ကမ္ဘာ့တောင်ဘက်ခြမ်း နိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုမှ တဆင့်လည်း ဆောင်ရွက်သင့်သည်။ ၎င်းအထောက်အပံ့များတွင် နည်းပညာပူးပေါင်းဆောင်ရွက်မှု၊ ဘဏ္ဍာငွေအထောက်အပံ့၊ အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှု၊ အသိပညာမျှဝေမှု၊ အတွေ့အကြုံများဖလှယ်မှု၊ အသေးစားရေလုပ်သားများအား အထောက်အပံ့ပေးသော မူဝါဒများပေါ်ထွန်းလာစေမှုအား ကူညီမှုနှင့် နည်းပညာလွှဲပြောင်းမှုများ ပါဝင်သည်။

၁၃.၃ နိုင်ငံတော်နှင့် ပါဝင်သူများအားလုံးတို့သည် အသေးစား ရေလုပ်ငန်းကဏ္ဍအတွင်း လုပ်ကိုင်နေသူများ အကျိုးကိုရှေးရှု၍ ရှင်းလင်းသော၊ မြန်မာပြန်ဆိုထားသော လမ်းညွှန်ချက်များအား **ဖြန့်ဝေပေးခြင်း** နှင့် အများသိရှိအောင် အသိပညာပေးခြင်းများကို အတူပူးပေါင်း လုပ်ဆောင်သင့်သည်။ ကျား/မရေးရာ ကဏ္ဍများကို ဦးတည်သော အသိပညာပေး စာအုပ်၊ စာတမ်းများကို ဖြန့်ဝေပေးသင့်

သည်။ သို့မှသာ အသေးစားရေလုပ်ငန်းကဏ္ဍတွင်ရှိသော အမျိုးသမီးများ၏ အခန်းကဏ္ဍကို ဖေါ်ထုတ်မြှင့်တင်နိုင်မည် ဖြစ်သည်။

၁၃.၄ နိုင်ငံတော်သည် ၎င်း၏ဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် လမ်းညွှန်ချက်ကို အကောင်အထည်ဖော်ရာတွင် တိုးတက်မှုများကို **စောင့်ကြည့်လေ့လာရေးစနစ်၏** အရေးပါမှုအား ဂရုပြု၍ ထူထောင်လုပ်ဆောင်နိုင်ရန် ဆောင်ရွက်သင့်သည်။ ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေး၊ စားနပ်ရိက္ခာ လုံခြုံပြည့်စုံမှုရှိစေရေးနှင့်ပတ်သက်သော အကျိုးသက်ရောက်မှုများကို စစ်တမ်းများ ကောက်ယူသင့်သည်။ လေ့လာစောင့်ကြည့်ချက်များမှ ရရှိလာသော ရလာဒ်များကို မူဝါဒ ချမှတ်ရေး၊ အကောင်အထည်ဖေါ်ရေး ကိစ္စရပ်များတွင် ထည့်သွင်းနိုင်စေရန်အတွက် စနစ်တစ်ခုလည်း ရှိသင့်သည်။ ကျား/မ ရေးရာနှင့်ပတ်သက်သော ကိစ္စရပ်များ၊ သတင်းအချက်အလက်များ၊ ညွှန်းကိန်းများကိုလည်း စောင့်ကြည့်လေ့လာမှု စနစ်တွင် ထည့်သွင်း စဉ်းစားရမည်။ ရေရှည်တည်တံ့သော သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုမှသည် စားနပ်ရိက္ခာဖူလုံမှုနှင့် ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေးအတွက် နိုင်ငံတော်နှင့် ပါဝင်ပတ်သက်သူများအားလုံးသည် သတင်းအချက်အလက် ကောက်ယူနိုင်ရေးကို အတူတကွ ပူးပေါင်းဆောင်ရွက်သင့်သည်။ သို့မှသာ အသေးစား ရေလုပ်ငန်းများကို ပိုမိုနားလည်သိရှိပြီး စနစ်တကျမှတ်တမ်းတင်နိုင်မည် ဖြစ်သည်။

၁၃.၅ နိုင်ငံတော်အနေဖြင့် လမ်းညွှန်ချက်အကောင်အထည်ဖော်မှုအား လမ်းညွှန်နိုင်ရန်နှင့် စောင့်ကြည့်နိုင်စေရန်အတွက် ကဏ္ဍအသီးသီးမှ ကိုယ်စားလှယ်များ၊ အရပ်ဖက်လူ့အဖွဲ့အစည်းများနှင့် ရေလုပ်သားငယ်များ၏ ကိုယ်စားလှယ်များပါဝင်သော **အမျိုးသားအဆင့် အပိုင်းအဝန်းတစ်ခု** ပေါ်ထွန်းလာနိုင်စေရန် ဦးဆောင်လုပ်ကိုင်သင့်သည်။ အသေးစား ရေလုပ်ငန်း လုပ်ကိုင်သူများ၏ တရားဝင်ကိုယ်စားလှယ်များသည် ဤလမ်းညွှန်ချက် အကောင်အထည်ဖေါ်ဆောင်ရွက်နိုင်ရေးအတွက် မဟာဗျူဟာများ ချမှတ်ရာတွင်လည်းကောင်း၊ အကောင်အထည်ဖေါ်ရာတွင်လည်းကောင်း၊ စောင့်ကြည့်လေ့လာရာတွင်လည်းကောင်း ပါဝင်သင့်ပါသည်။

၁၃.၆ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ FAO အနေဖြင့် ဤလမ်းညွှန်ချက်ကို အကောင်အထည်ဖော်ရာတွင် အထောက်အကူပေးနိုင်ရန်အတွက် ဒေသဆိုင်ရာ စီမံချက်များပါဝင်သော ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့မှု အစီအစဉ် (Global Assistance Programme) များကို ဖော်ဆောင်နိုင်ရေးအတွက် ဆောင်ရွက်သင့်သည်။